# Voice of Burma

Published by Voice of Burma Information GroupIssue No. 736, NOVEMBER 15, 2009



1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN

Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com


# အမေရိကန်သံအဖွဲ့နဲ့တွေ့ဆုံမှုကိစ္စ နအဖကို ဒေါ်အောင်ဆန်းစုကြည်ကျေးဇူးတင်

**RFA၊ နိုဝင်ဘာ ၉ ။** ။ အမေရိကန်ရဲ့ကိုယ်စားလှယ်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Campbell တို့ဟာ မြန်မာ့အရေးအပေါ် တကယ်စေတနာထားလုပ်ဆောင်နေတာတွေ့ရပြီး သူတို့အဖွဲ့နဲ့တွေ့ဆုံခွင့်ပြုခဲ့တဲ့အပေါ်မှာ စီစဉ်ပေးတဲ့တာဝန်ရှိပုဂ္ဂိုလ်တွေကိုလည်း ကျေးဇူးတင်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ဒီကနေ့ နိုဝင်ဘာ ၉ ရက်မှာ ပြောကြားလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို အယူခံကိစ္စဆောင်ရွက်ပေးနေတဲ့ ရှေ့နေ ၄ ဦးစလုံးက ဒီကနေ့တွေ့ခွင့်ရတဲ့အချိန်မှာ အခုလိုပြောဆိုလိုက်တာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ရှေ့နေလည်းဖြစ်၊ NLD ပြောခွင့်ရပုဂ္ဂိုလ်တဦးလည်းဖြစ်တဲ့ ဦးဉာဏ်ဝင်းက RFA ကိုအခုလိုပြောပါတယ်။

"ကျနော်တို့ရှေ့နေ ၄ ဦးပါ၊ သူတို့ နေ့ခင်း ၁ နာရီကနေပြီးတော့ ၃ နာရီကျော်ကျော်လောက်အထိ ကျနော်တို့တွေ့ခွင့်ရပါတယ်။"

ဒီကနေ့တွေ့ခဲ့တာဟာ အယူခံကိစ္စပြောဆိုဆွေးနွေးတာဖြစ်သလို အမေရိကန်ကိုယ်စားလှယ်တွေနဲ့တွေ့ခဲ့တုန်းက အခြေအနေတွေကို ဒေါ်အောင်ဆန်းစုကြည်က မေးမြန်းတဲ့အတွက် ပြောဆိုဖြစ်ခဲ့တယ်လို့ ဦးဉာဏ်ဝင်းကဆိုပါတယ်။ စစ်အစိုးရဟာ အရင်တခေါက်က ဒေါ်အောင်ဆန်းစုကြည်အတွက် အကျိုးဆောင်နေတဲ့ရှေ့နေ ၄ ဦးရှိရာမှာ နှစ်ဦးကိုဘဲတွေ့ခွင့်ပြုခဲ့ပြီး ဒီတခေါက်မှာတော့ ၄ ဦးစလုံးကို တွေ့ခွင့်ပြုလိုက်တာပါ။

အမေရိကန်အစိုးရကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံခဲ့တာကိုလည်း ဒေါ်အောင်ဆန်းစုကြည်က အကောင်းမြင်တယ်လို့သိရပါတယ်။ အမေရိကန်အစိုးရကိုယ်စားလှယ်တွေက မြန်မာနိုင်ငံမှာ နိုင်ငံရေးအရဖြစ်ပေါ်တိုးတက်မှုတွေ တွေ့လာရင် လက်ရှိချမှတ်ထားတဲ့ ပိတ်ဆို့အရေးယူမှုရုပ်သိမ်းဖို့ စဉ်းစားမှာဖြစ်သလို အကူအညီတွေလည်းပေးဖို့ရှိတယ်လို့ ဆိုထားပါတယ်။

ဒီအတွက် နိုင်ငံရေးအကျဉ်းသားတွေအားလုံးလွှတ်ပေးဖို့၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုဦးတည်တဲ့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပွဲတွေပြုလုပ်ဖို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ရဲ့ပါတီခေါင်းဆောင်တွေ ပုံမှန်တွေ့ဆုံခွင့်ပြုဖို့ စသဖြင့် အမေရိကန်အစိုးရကိုယ်စားလှယ်တွေက မြန်မာစစ်အစိုးရကို တိုက်တွန်းထားပါတယ်။

ဒီအတောအတွင်း မြန်မာစစ်အစိုးရက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မကြာခင် ပြန်လွှတ်ပေးနိုင်ဘွယ်ရှိတယ်လို့ မြန်မာသံအရာရှိဦးမင်းလွင်ရဲ့ပြောဆိုချက်ကို ကိုးကားပြီး AP သတင်းတပုဒ်မှာဒီကနေ့ဖော်ပြလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကိုမကြာခင်ပြန်လွှတ်ပေးဖို့ အစီအစဉ်ရှိကြောင်း သူ့အနေနဲ့ သူ့ပါတီလုပ်ငန်းတွေကို လုပ်ကိုင်နိုင်မှာဖြစ်ကြောင်း မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမင်းလွင်က စင်္ကာပူလေဆိပ်မှာ AP သတင်းဌာနကို ပြောကြားခဲ့တယ်လို့ဆိုပါတယ်။ အသေးစိတ်ကိုတော့ ပြောဖို့ငြင်းဆိုခဲ့တယ်လို့လည်း သိရပါတယ်။

မြန်မာသံအရာရှိဦးမင်းလွင်ဟာ ဖိလစ်ပိုင်နိုင်ငံမှာနှစ်ရက်ကြာပြုလုပ်ခဲ့တဲ့ အာဆီယံဆိုင်ရာသံအမတ်များ ဆွေးနွေးပွဲကိုတက်ရောက်ပြီး အပြန် စင်္ကာပူလေဆိပ်မှာ အခုလိုပြောခဲ့တာလို့သိရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုပြန်လွှတ်ပေးဖို့ကိစ္စဟာ အမေရိကန်အစိုးရရဲ့ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ မူဝါဒအပြောင်းအလဲကြောင့်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ ဆက်ရှိနေသေးတဲ့အတွက် ဒီမူဝါဒအပြောင်းအလဲကြောင့် လတ်တလော ထူးထူးခြားခြားပြောင်းလဲမှုမရှိနိုင်ကြောင်း ဦးမင်းလွင်ကပြောတယ်လို့ AP သတင်းက ဆိုပါတယ်။

မြန်မာစစ်အစိုးရက ပြီးခဲ့တဲ့နှစ်တွေတုန်းကလည်း အခုလိုဘဲ ဒေါ်အောင်ဆန်းစုကြည်ကို မကြာခင်ပြန်လွှတ်ပေးမယ်ဆိုပြီး မရေမရာပြောဆိုခဲ့ပေမယ့် ဘယ်တော့လွှတ်ပေးမယ်ဆိုတာကိုတော့ တိတိကျကျပြောဆိုတာမရှိသေးပါဘူး။ အခုတခါ မြန်မာစစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကိုပြန်လွှတ်ပေးပြီး ပါတီလုပ်ငန်းတွေပြန်လုပ်ကိုင်ခွင့် ပေးမယ်ဆိုပေမယ့် လာမယ့် ၂၀၁၀ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမှာလား၊ မဲဆွယ်စည်းရုံးရေးတွေ လုပ်ဆောင်ခွင့်ပေးမှာလား ဆိုတာတော့ သဲသဲကွဲကွဲ မသိရပါဘူး။


**အမျိုးသားအောင်ပွဲနေ့ သို့ ဒေါ်အောင်ဆန်းစုကြည်နှုတ်ဆက်သဝဏ်လွှာပေးပို့** — စာမျက်နှာ ၃

**ဒေါ်အောင်ဆန်းစုကြည်က ဦးဉာဏ်ဝင်းကို ထူးခြားတာဝန်တခုပေး** — စာမျက်နှာ ၅

**၈၉ နှစ်မြောက် အမျိုးသား အောင်ပွဲနေ့ ကို နယ်မြို့အသီးသီးတွင် ကျင်းပကြ** — စာမျက်နှာ ၇

**ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဘက်များက ဖွဲ့စည်းပုံဥပဒေ ပြင်ဆင်ရန် တောင်းဆို** — စာမျက်နှာ ၁၅

**ရွေးကောက်ပွဲထင်သာမြင်သာဖြစ်ရေးကူညီရန် အာဆီယံကို အမေရိကန်ပြောဆို** — စာမျက်နှာ ၁၈

VOB အာဘော်

# သိနားလည်ထားရမည့်နအဖ၏သန္နိဋ္ဌာန်

နိုဝင်ဘာ ၁၁ ရက်နေ့သည် မြန်မာနိုင်ငံတွင် ၈၉ နှစ်မြောက် အမျိုးသားနေ့ဖြစ်သည်၊ ထိုနေ့တွင် နအဖအကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမျိုးသားနေ့သဝဏ်လွှာဟုဆိုကာ ပြည်သူများအား ဦးတည်ရေးသားထားချက်ကို သတင်းစာထဲတွင် ဖော်ပြထားသည်။ ထိုအထဲတွင် ၂၀၁၀ ရွေးကောက်ပွဲအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲက တခဲနက်ထောက်ခံပေးခဲ့သည့် အခြေခံဥပဒေနှင့်အညီ ကျင်းပရန်စီစဉ်နေပြီဟု ဆိုထားသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် နအဖသည် ၂၀၁၀ ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင်ကျင်းပမည်၊ ထိုသို့ကျင်းပရာတွင် ၂၀၀၈ အခြေခံဥပဒေအတိုင်း အကောင်အထည်ဖော်သွားမည်ဆိုသည်ကို သန္နိဋ္ဌာန်ချထားသည်ကို မြင်တွေ့နိုင်ပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၀၈ အခြေခံဥပဒေတွင် ဒီမိုကရေစီစံနှုန်းများနှင့် မကိုက်ညီသောအချက်များပါဝင်နေသည်။ ထိုအချက်များကိုပြင်ဆင်ရန် တောင်းဆိုထားသော်လည်း ထိုတောင်းဆိုချက်များကို လျစ်လျူရှုနေခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ နအဖအကြီးအကဲ၏ အမျိုးသားနေ့အထိမ်းအမှတ် သဝဏ်လွှာက နအဖသည် မည်သို့သောအကြောင်းအချက်အခြေအနေများဖြစ်ပျက်နေစေကာမူ ၂၀၀၈ အခြေခံဥပဒေကို မပြင်ဆင်နိုင်၊ ထိုအတိုင်းသာလုပ်ဆောင်သွားမည်ကို သက်သေပြနေသည်။ နအဖကမူ ၂၀၀၈ အခြေခံဥပဒေ၊ ၂၀၁၀ ရွေးကောက်ပွဲတို့နှင့်ပတ်သက်၍ မိမိ၏ရပ်တည်ချက်ကို ပြတ်ပြတ်သားသားပြသလိုက်ပြီဖြစ်သည်။

နိုင်ငံတကာရောက် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူများအကြားတွင် ၂၀၁၀ ရွေးကောက်ပွဲကို လုံးဝလက်မခံ၊ ပြတ်ပြတ်သားသားဆန့်ကျင်ကြောင်းကို ပြသမှုများရှိနေပြီဖြစ်သည်။ ၂၀၀၈ အခြေခံဥပဒေကိုပြင်ဆင်ခြင်းမပြုပဲ ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲသည် မြန်မာနိုင်ငံအား စစ်တပ်က တသက်လုံးကျွန်ပြုနိုင်မည်ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် အနာဂတ်မြန်မာ့အရေးကို စဉ်းစားချင့်ချိန်တွေးတောကာ လုပ်သင့်လုပ်ထိုက်သည်များကို ပြတ်သားစွာလုပ်ဆောင်ရန် မြန်မာပြည်သူပြည်သားလုံးအား တိုက်တွန်းရေးသားလိုက်ရပေသည်။

---

# ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ပေးမည့်အပေါ် နိုင်ငံခြားရေးဝန်ကြီးသံသယရှိ

**NEJ၊ နိုဝင်ဘာ ၁၃ ။** ။ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား မကြာမီ နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးလိမ့်မယ်ဆိုတဲ့ ပြောဆိုချက်အပေါ် သံသယဖြစ်မိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြောကြားလိုက်ပါတယ်။

စင်္ကာပူနိုင်ငံတွင် လာမယ့်တနင်္ဂနွေနေ့မှာ အမေရိကန်သမတ အိုဘားမားနဲ့ အာဆီယံနိုင်ငံများမှခေါင်းဆောင်များ တွေ့ဆုံမယ့် အာရှ–ပစိဖိတ်ဒေသစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ APEC ညီလာခံတွင် မြန်မာနိုင်ငံအနေနဲ့ အထူးတလည်ထုတ်ပြန်ပြောဆိုလိမ့်မည်ဟုမထင်ကြောင်း ဖိလစ်ပိုင်နိုင်ငံတွင်ရောက်ရှိနေတဲ့ မစ္စစ်ကလင်တန်က ပြောကြားလိုက်တာဖြစ်ပါတယ်။

မြန်မာစစ်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးမင်းလွင်က ဒေါ်အောင်ဆန်းစုကြည်ကို စစ်အစိုးရကလွှတ်ပေးနိုင်ကြောင်း၊ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ နောက်နှစ်ကျင်းပမယ့် ရွေးကောက်ပွဲမှာပါဝင်နိုင်ကြောင်း AP သတင်းဌာနကိုပြောကြားခဲ့သည်။

မြန်မာနိုင်ငံအရေးသည် စိတ်ရှည်သည်းခံရန်လိုအပ်ပြီး ရေရှည်အားထုတ်လုပ်ဆောင်ရမယ့်ကိစ္စဖြစ်တယ်လို့လည်း မစ္စစ်ကလင်တန်က ABS-CBN သတင်းချယ်လ်နယ်ကပြုလုပ်တဲ့ နှီးနှောဖလှယ်ပွဲတခုတွင် ပြောကြားခဲ့ကြောင်း ကျူဒိုသတင်းတွင် ဖော်ပြပါတယ်။ ထို့အပြင် မြန်မာနိုင်ငံမှာကျင်းပမယ့် ရွေးကောက်ပွဲကို အများလက်ခံနိုင်ရန် မြန်မာစစ်အစိုးရအနေဖြင့် အတိုက်အခံများ၊ တိုင်းရင်းသားများ အားလုံးပါဝင်တဲ့ တွေ့ဆုံဆွေးနွေးမှုကို ပြည်တွင်းမှာစတင်လုပ်ဆောင်ဖို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက တိုက်တွန်းထားပါတယ်။

"ကျမတို့အနေနဲ့ မြန်မာစစ်ခေါင်းဆောင်တွေကို တွေ့ဆုံဆွေးနွေးမှုတွေမှာ ပါဝင်လာအောင် အားပေးတာ၊ တိုက်တွန်းတာ၊ ဖျောင်းဖျတာတွေလုပ်ပါတယ်။ ဒါတွေဟာ ပထမဆုံးလိုအပ်ချက်ပါ။" လို့ မစ္စစ်ကလင်တန်ကပြောပါတယ်။ မြန်မာနိုင်ငံအတွင်း ပြောနိုင် ဆိုနိုင် ရှိတဲ့ တရုတ်နဲ့အိန္ဒိယနိုင်ငံတို့ကိုလည်း မြန်မာပြည်သူများ အကျိုးရှိစေမယ့် ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် ကူညီလုပ်ဆောင်ပေးရန် ပြောဆိုထားကြောင်း မစ္စစ်ကလင်တန်က ပြောပါတယ်။

"မြန်မာနိုင်ငံမှာ ခေါင်းဆောင်မှုများယွင်းနေတယ်ဆိုတာ သံသယဖြစ်စရာမရှိပါဘူး။ မေးစရာရှိတာက သူတို့တွေဘယ်လောက်ကြာကြာမှားနေမလဲဆိုတာနဲ့ ကိုယ့်ပြည်သူတွေအတွက် လွတ်လပ်မှုနဲ့အခွင့်အရေးလမ်းကြောင်းဆီဦးတည်ဖို့ သူတို့ကိုအားပေးတိုက်တွန်းနိုင်မလား ဆိုတာပါဘဲ။" လို့ မစ္စစ်ကလင်တန်ကပြောပါတယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာစစ်အစိုးရနဲ့ တိုက်ရိုက်တွေ့ဆုံမှုတွေ စတင်လုပ်ဆောင်နေသော်လည်း မြန်မာနိုင်ငံမှာ အပြောင်းအလဲများမဖြစ်မချင်း ပိတ်ဆို့တားမြစ်မှုတွေကို ရုပ်သိမ်းရန်အဆင်သင့်မဖြစ်သေးကြောင်း မစ္စစ် ကလင်တန်ကပြောပါတယ်။

"ကျမတို့အနေနဲ့ လုပ်နိုင်စရာအများကြီးရှိတာကို လုပ်မှာမဟုတ်သေးပါဘူး။ ဘာလို့လဲဆိုတော့ အခုအစိုးရကို ကူညီထောက်ပံ့မှုမပေးချင်လို့ပါ။" လို့ မစ္စစ်ကလင်တန်ကပြောပါတယ်။ ယမန်နေ့သတင်းစာရှင်းလင်းပွဲမှာ မစ္စစ်ကလင်တန်က ဒေါ်အောင်ဆန်းစု ကြည်အားလွှတ်ပေးရန် ထပ်မံတောင်းဆိုခဲ့ပြီး လွတ်လပ်တရားမျှတပြီး အများ လက်ခံတဲ့ ရွေးကောက်ပွဲပြုလုပ်နိုင်ရေးနဲ့ ရွေးကောက်ပွဲမှာ အားလုံးပါဝင်ခွင့်ရမှသာ ရွေးကောက်ပွဲရလဒ်ကို တရားဝင်အဖြစ် နိုင်ငံတကာက မြင်ကြမှာဖြစ်ကြောင်း မစ္စစ်ကလင်တန်ကပြောကြားပါတယ်။

ယခုလအစောပိုင်းတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာကာ့တ်ကမ်ဘဲလ်နဲ့ ဒု–လက်ထောက်နိုင်ငံခြားရေးဝန်ကြီး စကော့မာရှယ်တို့သည် မြန်မာနိုင်ငံသို့သွားရောက်ခဲ့ပါတယ်။ ယင်းခရီးစဉ်သည် ဆယ်စုနှစ်အတွင်း အဆင့်အမြင့်ဆုံးအမေရိကန်အရာရှိများ မြန်မာနိုင်ငံသို့သွားရောက်ခဲ့ခြင်းဖြစ်ပါတယ်။

---

# တပ်ကြပ်ကြီးမြင့်ဇော် ပြန်ပေးဆွဲခံရ

**DVB၊ နိုဝင်ဘာ ၈ ။** ။ ရှမ်းပြည်နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းနောင်အခြေစိုက်စစ်ဘက်ရေးရာ လုံခြုံရေးအဖွဲ့ စရဖတပ်ဆွယ်မှူးတဦးကို လက်နက်ကိုင်အဖွဲ့တခုက သောကြာနေ့မှာ အကြမ်းဖက် ဖမ်းဆီးသွားပြီး တပ်ကြပ်ကြီးနဲ့ အတူပါသွားတဲ့ အရပ်သားတဦးကို သတ်ဖြတ်သွားတယ်လို့ မိုင်းနောင်ဒေသခံဆီက သိရပါတယ်။

မိုင်းနောင်မြို့က စရဖတပ်ကြပ်ကြီး မြင့်ဇော်ဟာ အရပ်သားတဦးဖြစ်တဲ့ အောင်ကိုဦး ဆိုသူနဲ့အတူ ဆိုင်ကယ်စီးပြီး မိုင်းနောင်မြို့တောင်ဘက် ဝမ်စိန်းကျေးရွာကို ဒီလ ၆ ရက် သောကြာနေ့က သွားကြပါတယ်။ ညနေပိုင်း အဲဒီကအပြန်မှာ အဲဒီရွာအနီးမှာပဲ သူတို့နှစ်ယောက်ထဲက အရပ်သားဖြစ်တဲ့ အောင်ကိုဦးကို လက်နက်ကိုင်အဖွဲ့တဖွဲ့က သေနတ်နဲ့ပစ်သတ်ပြီး စရဖတပ်ကြပ်ကြီးမြင့်ဇော်ကိုတော့ ဖမ်းဆီးသွားတာလို့ မိုင်းနောင်ဒေသခံတဦးက ရှင်းပြပါတယ်။

# အမျိုးသားအောင်ပွဲနေ့သို့ ဒေါ်အောင်ဆန်းစုကြည်နှုတ်ဆက်သဝဏ်လွှာပေးပို့

**RFA၊ နိုဝင်ဘာ ၁၁ ။** ။ ၈၉ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားတရပ်ကို ရန်ကုန်မြို့၊ ရွှေဂုံတိုင်မှာရှိတဲ့ NLD ရုံးချုပ်မှာ နိုဝင်ဘာလ ၁၁ ရက်နေ့ နေ့လည်ပိုင်းကကျင်းပခဲ့ပြီး ကြေညာချက်တစောင်ထုတ်ပြန်ခဲ့ရာမှာ ပြည်သူတွေခံစားနေရတဲ့ လူမှုရေး၊ စီးပွားရေးဒုက္ခတွေကို ဖြေရှင်းနိုင်ဖို့အတွက် နအဖစစ်အုပ်စုအနေနဲ့တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့လိုအပ်ကြောင်း NLD က ထပ်မံတိုက်တွန်းလိုက်ပါတယ်။

အဲန်အယ်လ်ဒီပါတီကထုတ်ပြန်တဲ့ ၈၉ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ကြေညာချက်နဲ့ပတ်သက်ပြီး NLD ဗဟိုပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်ကအခုလိုပြောပြပါတယ်။

“ဒီနေ့ဟာ မြန်မာ့နိုင်ငံရေးသမိုင်းမှာ နယ်ချဲ့အစိုးရကိုဆန့်ကျင်ပြီး တက္ကသိုလ်ကျောင်းသားများ သပိတ်မှောက်တိုက်ပွဲဝင်ခဲ့တာ အောင်မြင်တဲ့နေ့ထူးနေ့မြတ်ဖြစ်တယ်။ အဲဒီတိုက်ပွဲကနေဆက်ပြီးတော့ အောင်မြင်မှုရခဲ့သလို လွတ်လပ်ရေးရတဲ့အထိ အားကောင်းတဲ့နိုးဆော်မှုတွေ လုပ်ပေးနိုင်ခဲ့တယ်။ အဲဒီကနေ မီးမောင်းထိုးပြတာ ဘာလည်းဆိုတော့ စည်းကမ်းရှိတဲ့ စည်းလုံးညီညွတ်တဲ့ဆောင်ရွက်မှုကသာ အောင်ပွဲရနိုင်တယ်ဆိုတဲ့အကြောင်း၊ ဖိနှိပ်ချုပ်ချယ်မှုနဲ့စနစ်တခုကို ကန့်သတ်ထားလို့မရတဲ့အကြောင်း အဖွဲ့ချုပ်ရဲ့ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကလည်း နိုင်ငံဖွံ့ဖြိုးရေးအတွက် သူဆောင်ရွက်ခွင့်ရလိမ့်မယ်လို့မျှော်လင့်တဲ့အကြောင်း။

ဒါကြောင့်မို့လို့ တိုင်းပြည်မှာစည်းလုံးညီညွတ်မှုနဲ့ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ဘယ်အခက်အခဲမဆို ကျော်လွှားနိုင်မယ်ဆိုတဲ့အကြောင်း၊ အဲဒါတွေကို ဖော်ပြပြီး နောက်ဆုံးမှာ တိုင်းပြည်မှာအမှန်တကယ်ကြုံတွေ့နေရတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး စတဲ့အထွေထွေအကျပ်အတည်းတွေကို အမြန်ဆုံးပြေလည်သွားနိုင်စေရန် နိုင်ငံရေးအဓိပ္ပါယ်ပြည့်ဝတဲ့ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ညှိနှိုင်းအဖြေရှာကြဖို့လိုတယ်။ အလေးအနက်ထားပြီး စဉ်းစားတော့ဆောင်ရွက်ပါ။ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီကို အထူးထပ်မံပြီး တိုက်တွန်းတောင်းဆိုပါတယ်။” လို့ဖော်ပြထားတယ်။

NLD ပါတီမှာကျင်းပတဲ့ အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို တိုင်းနဲ့ပြည်နယ်က NLD ပါတီခေါင်းဆောင်တွေ မြို့နယ်အဆင့်ခေါင်းဆောင်တွေ တက်ရောက်ကြသလို ဝါရင့်နိုင်ငံရေးသမားကြီးတွေလည်း တက်ရောက်ကြပြီး CRPP ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ခေါင်းဆောင်တွေနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေအားလုံး စုစုပေါင်း လူတထောင်ကျော်တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ဒီကနေ့ကျင်းပတဲ့အခမ်းအနားကို NLD ပါတီရဲ့ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကလည်း သဝဏ်လွှာပေးပို့ခဲ့ကြောင်း သိရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေလည်းဖြစ် NLD ပါတီရဲ့ပြောခွင့်ရပုဂ္ဂိုလ်တဦးလည်းဖြစ်တဲ့ ဦးညဏ်ဝင်းက ဒီကနေ့မနက်ပိုင်း ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံချိန်မှာ ဒေါ်အောင်ဆန်းစုကြည်က နှုတ်နဲ့သဝဏ်လွှာပါးလိုက်တာကို NLD ပါတီဗဟိုကော်မတီဝင် ဦးခင်မောင်ဆွေက အခမ်းအနားမှာဖတ်ကြားခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့နှုတ်တိုက်သဝဏ်လွှာပါအချက်တွေကို NLD ဗဟိုပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က ရှင်းပြပါတယ်။

“လိုရင်းက ၈၉ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို တက်ရောက်လာကြတဲ့ အဖွဲ့ချုပ်ခေါင်းဆောင်တွေ၊ CRPP အဖွဲ့ဝင်ခေါင်းဆောင်တွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့ကခေါင်းဆောင်တွေ၊ တက်ရောက်လာကြတဲ့အဖွဲ့ဝင်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် ပြည်နယ်၊ တိုင်း အသီးသီးမှာစည်းရုံးရေးတာဝန်တွေကို မအားမလပ်တာဝန်ထမ်းဆောင်နေကြရင်းနဲ့ အခုလို အခမ်းအနားကိုတက်တက်ကြွကြွ တက်ရောက်လာကြတဲ့ ပြည်နယ်၊ တိုင်း အသီးသီးက ခေါင်းဆောင်များနဲ့ မြို့နယ်အသီးသီးကခေါင်းဆောင်များကို အထူးတလည်ကျေးဇူးတင်ပါတယ်။ အဲဒီနှစ်ချက်ဘဲ ခင်ဗျ။ အဲဒါက ဒေါ်စုက ဦးညဏ်ဝင်းနဲ့ပါးလိုက်တာ။”

NLD ကကျင်းပတဲ့ ၈၉ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားမှာ သမိုင်းကြောင်းဆိုင်ရာဟောပြောပွဲတရပ်လည်းပါဝင်ပြီး ကဗျာဆရာကြီး ကိုလေး(အင်းဝဂုဏ်ရည်) က အမျိုးသားအောင်ပွဲနေ့အခမ်းအနားမှာ သူရွတ်ဆိုခဲ့တဲ့ ‘မိုးဦးရွက်သစ်’ ဆိုတဲ့ကဗျာကို ပြန်လည်ရွတ်ဆိုပြပါတယ်။

“သွေးဆာခားနဲ့၊ ငါးအားပိုင်းဖြတ်၊ ငှါခေါင်းပြတ်စေ၊ အပ်ချုပ်နှောင်၍၊ ထောင်ချတိုက်ပိတ်၊ သော့ချိတ်ကြီးလည်း၊ ငှါစိတ်ထဲမှာ၊ ပျော်မွေ့ပါ၏၊ နားသာနေသာ ရသဖြင့်၊ မိုးရန့်နှင့်၊ ဆွတ်ပျံ့ဖြန်းပက်၊ ရေစင်စက်ကြောင့်၊ ရွက်သစ်ညွန့်ပိုက်၊ အထွတ်လိုက်သို့၊ ငါတိုက်ခဲ့ရာ၊ လမ်းမဟာတွင်၊ ငါ၏ပြည်သူ၊ ဆက်လက်ယူသည်၊ ငါမှု သေလည်း အောင်ခြိမ့်မည်။”

အရင့်အရင်နှစ်တွေတုန်းကဆိုရင် NLD ကကျင်းပတဲ့ အမျိုးသားအောင်ပွဲနေ့ အခမ်းအနားတွေမှာ ကဗျာဆရာကြီးကြည်အောင် ပုံမှန်လာရောက်ဟောပြောရွတ်ဆိုလေ့ရှိတဲ့ ကဗျာဆရာကြီးကြည်အောင်ဟာ ၂၀၀၉ ခုနှစ်၊ မတ်လမှာ ကွယ်လွန်ခဲ့ပါတယ်။

# ဒေါ်စု၏ အပြုသဘော ကမ်းလှမ်းချက်

**DVB၊ နိုဝင်ဘာ ၁၁ ။** ။ နိုင်ငံရဲ့ အနာဂတ်အတွက် အပြုသဘောဆောင် အကျိုးရှိစေမယ့် ကမ်းလှမ်းမှုတခုကို ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့က မကြာခင် ထုတ်ပြန်ဖို့ပြင်နေကြောင်း ပါတီပြန်ကြားရေးအဖွဲ့က ပြောပါတယ်။

အထိန်းသိမ်းခံ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီနေ့မနက်ပိုင်းမှာ ၁ နာရီကြာ သီးခြားတွေ့ဆုံခွင့်ရခဲ့တဲ့ သူ့ရဲ့ရှေ့နေလည်းဖြစ်၊ ပါတီပြန်ကြားရေးအဖွဲ့ဝင်လည်းဖြစ်တဲ့ ဦးညဏ်ဝင်းက ပြောဆိုလိုက်တာပါ။

“ထူးတာ၊ မထူးတာတော့မသိဘူး။ ကျနော် လုပ်ငန်း ၂ ခုအတွက် သွားတာပါ။ ပထမတခုက ဒေါ်စုရဲ့နေအိမ်လုံခြုံရေးအတွက် ပြုပြင်ရေးကိစ္စနဲ့ပတ်သက်ပြီး မြို့တော်စည်ပင်သာယာရေးကော်မတီက ခွင့်ပြုချက်ပေးပြီးပြီ၊ အိမ်ကို လက်တွေ့ပြင်ဖို့အင်ဂျင်နီယာနဲ့တွေ့ဆုံရေးတို့၊ အလုပ်သမားဝင်ရောက်ရေးတို့နဲ့ပတ်သက်ပြီး ညှိနှိုင်းဖို့သွားတယ်။ နောက်တခုက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လုပ်ငန်းတွေ၊ ဖွဲ့စည်းပုံတွေကိစ္စကို ဆွေးနွေးပါတယ်။”

ဒေါ်အောင်ဆန်းစုကြည်က ကြေညာကမ်းလှမ်းချက်တခု ထုတ်ပြန်မယ်လို့ ထွက်ပေါ်နေတဲ့သတင်းတွေနဲ့ ပတ်သက်ပြီးတော့လည်း ဦးညဏ်ဝင်းက ပြောပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံအတွက် အကျိုးရှိမယ့် လုပ်ငန်းစဉ်တခုကို စီစဉ်ရေးဆွဲပြီး ကျနော်တို့က သူရေးဆွဲတာကို စာကြမ်းပြုစုတယ်။ စာကြမ်းပြုစုပြီးတော့ ဒီနေ့ ဒေါ်အောင်ဆန်းစုကြည်ကို အပရူဗယ်လ်ယူတယ်။ သူ သဘောတူတယ်။ အပရုဖ်လုပ်တယ်၊ ဒီဟာကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ကျနော်တင်ပြထားပါတယ်။ အဖွဲ့က လာမယ့် တနင်္လာနေ့ ပုံမှန်အစည်းအဝေးမှာ ဒီကိစ္စကို ထည့်သွင်းဆွေးနွေးမှာပါ။ ဆွေးနွေးပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လက်ခံသဘောတူညီရင် ၁၇ ရက်နေ့ အင်္ဂါနေ့မှာ ကျနော်တို့ အဲဒီကိစ္စကို သတင်းထုတ်ပြန်ပါမယ်။”

ဦးညဏ်ဝင်းဟာ ပြီးခဲ့တဲ့ တလင်္ာနေ့ကလည်း အယူခံကိစ္စအတွက် အခြားရှေ့နေ ၃ ဦးနဲ့အတူ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံခဲ့ပြီး အဲဒီနေ့မှာ သူ့ကို ဒေါ်အောင်ဆန်းစုကြည်က ဒီတာဝန်ကို သီးခြားပေးလိုက်တယ်လို့ ပြောခဲ့ပါတယ်။ နိုင်ငံအတွက် အကျိုးရှိစေမယ့် လုပ်ငန်းစဉ်တခုလို့သာ ဦးညဏ်ဝင်းက ပြောဆိုပြီး ဒီ့ထက်ပိုပြောဖို့ ငြင်းဆိုခဲ့ပါတယ်။ အခုတလော အမေရိကန်သံအရာရှိတွေ မြန်မာနိုင်ငံကို လာရောက်ဆွေးနွေးခဲ့တာ၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်ချုပ်အောင်ကြည်တို့ ဆွေးနွေးတာတွေရှိခဲ့တဲ့အတွက် အခု ရေးဆွဲနေတယ်ဆိုတဲ့ လုပ်ငန်းစဉ်ဟာ အဲဒီအချက်တွေနဲ့ ဆက်စပ်နေနိုင်တယ်လို့ နယ်စပ်ရှိ နိုင်ငံရေးဆန်းစစ်ဝေဖန်သူတွေက ပြောပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရေး သမ္မတအိုဘားမားတောင်းဆိုမည်

**DVB၊ နိုဝင်ဘာ ၁၁။** ။ လာမယ့် အာဆီယံ–အမေရိကန် ထိပ်သီးအစည်းအဝေးမှာ အမေရိကန်သမ္မတ ဘားရက်အိုဘားမားက မြန်မာ့ဒီမိုကရေစီခေါင်းဆောင်လွှတ်မြောက်ရေးအတွက်ဆောင်ရွက်ဖို့ အာဆီယံခေါင်းဆောင်တွေကို မေတ္တာရပ်ခံမှာပါလို့ အမေရိကန်အရာရှိတဦးကို ကိုးကားပြီး စင်ကာပူထုတ် စထရိတ်တိုင်းမ်သတင်းမှာ ဖော်ပြထားပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ရေးတောင်းဆိုတဲ့အခါ ဒေါ်အောင်ဆန်းစုကြည်ရဲ့နာမည်ဟာ ထိပ်ဆုံးက ပါမှာပါလို့ အဲဒီအရာရှိက ပြောပါတယ်။ လာမယ့် တနင်္ဂနွေနေ့မှာကျင်းပမယ့် အဲဒီ အစည်းအဝေးကို မြန်မာစစ်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်လည်း တက်ရောက်ဖို့ရှိပါတယ်။ ဒီအတောအတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က လာမယ့်ရွေးကောက်ပွဲကို လွတ်လပ်မျှတပြီး ယုံကြည်စိတ်ချရအောင် ဆောင်ရွက်ပါလို့ မြန်မာစစ်ခေါင်းဆောင်တွေကို တိုက်တွန်းပေးဖို့ အာဆီယံခေါင်းဆောင်တွေကို တိုက်တွန်းပြောကြားလိုက်ပါတယ်။

“မြန်မာခေါင်းဆောင်တွေကို တနိုင်ငံချင်းစီက ချဉ်းကပ်ပြီး ၂၀၁၀ ရွေးကောက်ပွဲကို လွတ်လပ်မျှတပြီး ယုံကြည်စိတ်ချရတဲ့ ရွေးကောက်ပွဲဖြစ်အောင် တိုက်တွန်းစေ့ချင်တယ်” လို့ ကလင်တန်က ပြောကြားပါတယ်။ “တရုတ်နိုင်ငံဟာ အပြုသဘောဆောင်တဲ့ လှုပ်ရှားမှုတွေဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းတွေ ရှိနေသလို ထိုင်း၊ အိန္ဒိယနဲ့တခြား အာဆီယံ တိုင်းပြည်တွေဟာလည်း အဲဒီအခွင့်အရေးမျိုးရှိပါတယ်” လို့လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောပါတယ်။

သမ္မတအိုဘားမား ဦးဆောင်တဲ့ အမေရိကန်အစိုးရဟာ မြန်မာစစ်အစိုးရကို ထိတွေ့ဆက်ဆံရေးဆိုတဲ့ မူဝါဒသစ်နဲ့ချဉ်းကပ်ဖို့ ကြိုးစားနေပြီး မြန်မာပြည်မှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဟာ မြန်မာ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ အကျိုးစီးပွားနဲ့လည်း အကျုံးဝင်နေပါတယ်လို့ ကလင်တန်က ပြောပါတယ်။ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဩစတြေးလျားနိုင်ငံတို့ထဲကို ဒုက္ခသည်တွေ ရောက်ရှိနေတာကို ထောက်ပြပြီး “မြန်မာပြည်ထဲက ပြဿနာဟာ မြန်မာပြည်နယ်နိမိတ်ဘောင်ထဲမှာပဲရှိနေမှာ မဟုတ်ဘူးဆိုတာကို သတိမူဖို့အရေးကြီးတယ်။”

တည်ငြိမ်မှု မရှိခြင်းဟာ ဘယ်သူ့အတွက်မှ မကောင်းပါဘူး” လို့လည်း ကလင်တန်က ပြောပါတယ်။ ဒေါ်အောင်ဆန်းစု ကြည်နဲ့ တွေ့ဆုံတာအပါအဝင် အပြုသဘောဆောင်တဲ့ တွေ့ဆုံမှုတွေရှိနေပေမယ့် ရှေ့ဆက်လုပ်စရာတွေအများကြီးရှိနေသေးပြီး တိုးတက်မှုကို လွယ်လွယ်မြန်မြန်နဲ့ရမှာ မဟုတ်ပါဘူးလို့ကလင်တန်က ပြောကြားပါတယ်။ ဒီအတောအတွင်း ဖိလစ်ပိုင်နိုင်ငံကလာတဲ့ သတင်းတွေအရ ဒေါ်အောင်ဆန်းစုကြည်ကို မကြာမီလွှတ်ပေးဖို့ အစီအစဉ်ရှိကြောင်း မြန်မာသံအရာရှိ ဦးမင်းလွင်က ပြီးခဲ့တဲ့ တနင်္လာနေ့တုန်းက ပြောတယ်လို့သိရပါတယ်။

---

## အိုဘားမားနဲ့ အာဆီယံ၁၀နိုင်ငံခေါင်းဆောင်တွေနဲ့တွေ့မည်

**RFA၊ နိုဝင်ဘာ ၇။** ။ အမေရိကန်သမတ Barack Obama ဟာ လာမယ့် နိုဝင်ဘာ ၁၅ ရက်နေ့ စင်္ကာပူနိုင်ငံမှာပြုလုပ်မယ့် APEC ခေါ် အာရှ–ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်ပတ်လည် ထိပ်သီးအစည်းအဝေးကို တက်ရောက်တဲ့အခါမှာ မြန်မာအပါအဝင် အာဆီယံနိုင်ငံတွေက ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဖို့ရှိတယ်လို့ သိရပါတယ်။

APEC ထိပ်သီးဆွေးနွေးပွဲအတွင်း အာဆီယံ ၁၀ နိုင်ငံကခေါင်းဆောင်တွေနဲ့ သီးခြားတွေ့ဆုံမှာဖြစ်တယ်လို့ အာဆီယံရေးရာ အမေရိကန်သံအမတ်ကြီး Scot Marciel က နိုဝင်ဘာလ ၇ ရက်နေ့က ပြောလိုက်တာပါ။ Mr. Scot Marciel ဟာ သမတ Obama နဲ့ အာဆီယံထိပ်သီးခေါင်းဆောင်တွေ တွေ့ဆုံမယ့်ကိစ္စကို ကြိုတင်စီစဉ်ဖို့အတွက် အာဆီယံ ၁၀ နိုင်ငံကသံတမန်တွေနဲ့ ဖိလစ်ပိုင်မှာဆွေးနွေးညှိနှိုင်းနေတာဖြစ်ပါတယ်။

APEC အစည်းအဝေးကို မြန်မာစစ်အစိုးရကိုယ်စား ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်မယ်လို့ ဖိလစ်ပိုင်နိုင်ငံက မြန်မာသံအမတ်ဦးမင်းလွင်က AP သတင်းဌာနကိုပြောပါတယ်။ ဒါပေမယ့် သမတ Obama ဟာ ဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့ သီးခြားတွေ့ဆုံဖို့ရှိ မရှိဆိုတာကိုတော့ ထုတ်ဖော်ပြောဆိုတာမရှိပါဘူး။ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အမေရိကန်မူဝါဒအပြောင်းအလဲကို အပြုသဘောဆောင်တဲ့အတွက် ကြိုဆိုကြောင်း ဦးမင်းလွင်ကပြောပါတယ်။

၁၉၆၆ ခုနှစ်က မြန်မာဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း အမေရိကန်ပြည်ထောင်စုကို သွားရောက်ခဲ့စဉ်တုန်းက အမေရိကန်သမတ Johnson နဲ့တွေ့ဆုံခဲ့ပြီးနောက် အခုတကြိမ်ဟာ နှစ်ပေါင်းများစွာအတွင်း နောက်ထပ်တကြိမ် အမေရိကန်နဲ့မြန်မာ နှစ်နိုင်ငံအစိုးရအဆင့်မြင့်ခေါင်းဆောင်နှစ်ဦး တွေ့ဆုံမှာဖြစ်ပါတယ်။

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး Alberto Romulo ကပြောဆိုရာမှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အမေရိကန်မူဝါဒအပြောင်းအလဲကို အာဆီယံအဖွဲ့အနေနဲ့ ကြိုဆိုကြောင်းနဲ့ ကျန်တဲ့ မိမိတို့အာဆီယံနိုင်ငံတွေအနေနဲ့လည်း မြန်မာစစ်အစိုးရနဲ့ဆက်ဆံရေး လုပ်နေတဲ့တချိန်တည်းမှာဘဲ မြန်မာနိုင်ငံဒီမိုကရေစီပြုပြင်ပြောင်းလဲဖို့အတွက် မြန်မာစစ်အစိုးရကို တောက်လျှောက်တိုက်တွန်းနေပါတယ်လို့ ပြောဆိုခဲ့ပါတယ်။

---

# ဒေါ်စုသူ့ပါတီနှင့်ထပ်တွေ့ဆုံခွင့်ရရှိ

**RFA၊ နိုဝင်ဘာ ၁၁ ။** ။ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို NLD ပြောခွင့်ရပုဂ္ဂိုလ်ဦးဉာဏ်ဝင်း ဒီကနေ့ထပ်မံတွေ့ဆုံခွင့်ရခဲ့ပြီး တနာရီလောက်ကြာအောင် ပြောဆိုဆွေးနွေးခွင့်ရခဲ့တယ်လို့ သတင်းရရှိပါတယ်။

ဒီကနေ့တွေ့ဆုံခဲ့ရာမှာ နိုင်ငံရေးအရ အရေးကြီးတဲ့ကိစ္စတခုကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ညွှန်ကြားချက်အရ ဆောင်ရွက်ခဲ့ကြောင်းနဲ့ အဲဒီကိစ္စကို ဒီကနေ့ထုတ်ဖော်ပြောဆိုဖို့ မဖြစ်သေးကြောင်း ဦးဉာဏ်ဝင်းက RFA ကို အခုလိုပြောပါတယ်။

“နိုင်ငံရေးအရ အရေးကြီးတဲ့ကိစ္စတခုကို သူ့အဆိုပြုချက်အရ ကျနော်တို့ဆောင်ရွက်တယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ CEC ကိုတင်ထားပါတယ်။ အဖွဲ့ချုပ် CEC က တနင်္လာနေ့ထိုင်မယ်။ pass ဖြစ်ရင် နောက်တခါ အင်္ဂါနေ့မှာ release လုပ်မယ်။ လောလောဆယ်အဲဒီထဲမှာဘာပါသလဲဆိုတာနဲ့ပတ်သက်ရင် ကျနော့်မှာပြောခွင့်မရှိသေးပါဘူး။”

ဒေါ်အောင်ဆန်းစုကြည်ကို ပြီးခဲ့တဲ့ ၉ ရက်နေ့ကလည်း ရှေ့နေ ၄ ဦးစလုံးတွေ့ခွင့်ရခဲ့ပြီး အယူခံကိစ္စတွေ ပြောဆိုဆွေးနွေးခွင့်ရခဲ့ပါတယ်။ ဒီကနေ့ တွေ့ခဲ့ရာမှာလည်း ဒေါ်အောင်ဆန်းစုကြည်က ရယ်ရယ်မောမောပြုံးပြုံးရွှင်ရွှင်ရှိနေပြီး နိုင်ငံရေးအကြောင်းတွေအတော်များများ ပြောဖြစ်ခဲ့တယ်လို့ ဦးဉာဏ်ဝင်းကဆိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ကျန်းမာရေးလည်း ကောင်းမွန်နေတယ်လို့ ပြောပါတယ်။

အမေရိကန်အစိုးရကိုယ်စားလှယ် အာရှ–ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell နဲ့အဖွဲ့ လာသွားပြီးတဲ့နောက် ဒေါ်အောင်ဆန်းစုကြည်နဲ့ ရှေ့နေတွေမကြာခဏ တွေ့ခွင့်ရနေတာကိုမြင်ရသလို ပြီးခဲ့တဲ့ရက်တွေကလည်း ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့အစီအစဉ်ရှိတဲ့အကြောင်း စစ်အစိုးရနိုင်ငံခြားရေးဌာန ညွှန်ကြားရေးမှူးက ပြောဆိုခဲ့တဲ့သတင်းတွေ ထွက်ပေါ်ခဲ့ပါတယ်။

လာမယ့် တနင်္ဂနွေနေ့ကျရင် အာဆီယံနဲ့အမေရိကန်သမတ Mr. Obama တွေ့ဆုံပွဲရှိပြီး ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးဖို့ Mr. Obama အနေနဲ့ ပုဂ္ဂိုလ်ရေးအရ တိုက်တွန်းတောင်းဆိုမယ်လို့လည်း သတင်းထုတ်ပြန်ထားပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်က ဦးဉာဏ်ဝင်းကို ထူးခြားတာဝန်တခုပေး

**DVB | နိုဝင်ဘာ ၉ ။** ။ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့ဆုံခွင့်ရတဲ့အပေါ် အားရကျေနပ်ပြီး ရှေ့ကို အကောင်းမြင် မျှော်လင့်ကြောင်း ဒီနေ့နေ့လည်ပိုင်းက သူရဲ့ ရှေ့နေအဖွဲ့နဲ့ တွေ့ဆုံမှုအတွင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ပါတယ်။

ဒါ့အပြင် အတိအကျထုတ်ပြောလို့ မရသေးတဲ့ အထူးတာဝန်တရပ်ကိုလည်း ဒေါ်အောင်ဆန်းစုကြည်က သူ့ကို ပေးအပ်လိုက်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေအဖွဲ့မှ ဦးဉာဏ်ဝင်းက ပြောပါတယ်။ ဒီနေ့တွေ့ဆုံမှုနဲ့ ပတ်သက်ပြီး ဦးဉာဏ်ဝင်းက ...

"ဒေါ်စု လုံးဝ မပြောဘူး၊ ကျနော်တို့လည်း ဘာမှမသိဘူး။ ကျနော်တို့ ဘာမှ အင်ဒီကေးရှင်းမတွေ့ဘူး။ အဲဒီဟာအပေါ်မှာ ကျနော်တို့ပြောစရာကတော့ မှန်ပါစေလို့ပဲ ဆုတောင်းမယ်။ ကျနော်တာတော့ ဘာမှ မသိဘူး" လို့ ပြောပါတယ်။

ဒီအယူခံကို ဒီသီတင်းပတ်အတွင်း တင်သွင်းနိုင်ဖွယ်ရှိတယ်လို့ သူတို့ဘက်က မျှော်လင့်ထားပြီး လာမယ့်ဗုဒ္ဓဟူးနေ့မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ထပ်တွေ့ဖို့ရှိတယ်လို့လည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။ ထပ်တွေ့မယ့်ကိစ္စက အယူခံကိစ္စအတွက် မဟုတ်ဘဲ လောလောဆယ်ထုတ်ပြောလို့ မရသေးတဲ့ သူ့ကို ဒေါ်အောင်ဆန်းစုကြည်က ပေးအပ်ထားတဲ့ အထူးတာဝန်အတွက်ဖြစ်တယ်လို့ ဦးဉာဏ်ဝင်း က ပြောပါတယ်။

"ဒီနေ့ ၁ နာရီကနေ ၃ နာရီကျော်လောက်အထိ ရှေ့နေ ၄ ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဒေါ်ခင်ခင်ဝင်း ဒေါ်ဝင်းမမနဲ့ တွေ့ပါတယ်။ အဓိကအချက်က ဗဟိုတရားရုံးချုပ်ကိုတင်မယ့် အယူခံလွှာကို ကျနော်တို့ ဆွေးနွေးအတည်ပြုကြပါတယ်။ နောက်ပိုင်းမှာ ကျန်တဲ့ကိစ္စတွေကိုပြောဆိုကြတယ်။ အထူးသဖြင့် မစ္စတာကမ့်ဘဲလ်နဲ့ တွေ့ဆုံရတဲ့ အကြောင်းအရင်းကို ပြောပါတယ်။ သို့သော် ဆွေးနွေးတဲ့အသေးစိတ်မပြောပါဘူး။ "ဒေါ်အောင်ဆန်းစုကြည် ပြောတာက မစ္စတာကမ့်ဘဲလ်တို့၊ စကော့မာရှယ်တို့က မြန်မာနိုင်ငံအရေးနဲ့ပတ်သက်ပြီးစေတနာထားပြီးလုပ်တယ်၊ သူ အသိအမှတ်ပြုတယ်ဆိုတဲ့သဘောပေါ့။ ပူးပေါင်းပြီး အလုပ်လုပ်ရင်လည်း အဆင်ပြေမယ့် ပုဂ္ဂိုလ်တွေ ဒီအတွက် သူကျေနပ်တယ်။ တွေ့ဆုံနိုင်ဖို့ စီစဉ်ပေးတဲ့ နအဖကိုလည်း ကျေးဇူးတင်ပါလို့ ပြောပါတယ်။"

အမေရိကန်သံတမန်အဖွဲ့နဲ့ တွေ့ဆုံတဲ့နေ့က ပါတီဗဟို အလုပ်အမှုဆောင်အဖွဲ့နဲ့တွေ့ဆုံနိုင်ဖို့ နအဖက စီစဉ်ပေးခဲ့ပေမယ့် ဒေါ်အောင်ဆန်းစုကြည်က ငြင်းဆိုတယ်ဆိုတဲ့အချက်နဲ့ပတ်သက်ပြီး ဦးဉာဏ်ဝင်းက ပြောပါတယ်။

"အဲဒါက ကျနော်တို့ အခု ပြောပိုင်ခွင့်မရှိပါဘူး။ ကျနော် အဲဒါ ဆောင်ရွက်ပြီးရင် ပြောပါမယ်။ ကျနော်က ဒေါ်စုနဲ့ သန်ဘက်ခါထပ်တွေ့မှာ၊ သူခိုင်းထားတဲ့အလုပ်တွေကို လုပ်ပြီးတော့ ကျနော်သွားရောက်တင်ပြဖို့ပါ။ မပြောနိုင်သေးပါဘူး။ ကျနော် ပြောခွင့်မရှိလို့ပါ။"

ဒေါ်အောင်ဆန်းစုကြည်နဲ့ ထပ်တွေ့မယ့် လာမယ့်ဗုဒ္ဓဟူးနေ့ဟာ ၈၉ ကြိမ်မြောက်အမျိုးသားနေ့နဲ့ တိုက်ဆိုင်နေပြီး အဲဒီနေ့မှာ အဖွဲ့ချုပ်က အမျိုးသားအောင်ပွဲနေ့အခမ်းအနားတခုကျင်းပပြီး နိုင်ငံရေးကြေညာချက်ထုတ်ပြန်ဖွယ်ရှိတယ်လို့လည်း သိရပါတယ်။

# မြန်မာရွှေ့ပြောင်းအလုပ်သမားများ ယာယီနိုင်ငံကူးလက်မှတ် လုပ်ရမည်

**DVB | နိုဝင်ဘာ ၉ ။** ။ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ အင်တာနေရှယ်နယ်စင်တာမှာ ထိုင်းအာဏာပိုင်တွေက မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကို ယာယီနိုင်ငံကူးလက်မှတ် လုပ်ဆောင်မှုနဲ့ပတ်သက်လို့ ဒီနေ့တွေ့ဆုံပြီး ရှင်းပြပါတယ်။

ထိုင်း အစိုးရမဟုတ်တဲ့ အဖွဲ့တွေက ပုဂ္ဂိုလ်တွေ၊ ထိုင်းရဲနဲ့ ပို့ဆောင်ရေးဌာနတွေက တာဝန်ရှိသူတွေနဲ့မြန်မာအလုပ်သမား ၂၀၀ လောက်က လတ်တလောလုပ်ပေးနေတဲ့ ယာယီနိုင်ငံကူးလက်မှတ်အကြောင်း ဆွေးနွေးတာဖြစ်ပြီး အချက် ၂ ချက်ကို အဓိကထား ဆွေးနွေးပါတယ်။ ချင်းမိုင် အလုပ်ရှာဖွေရေးရုံး တာဝန်ရှိသူက "အခုလက်ရှိ ကိုင်ဆောင်နေတဲ့ အလုပ်သမားကတ်တွေဟာ လာမယ့် ၂၀၁၀ ဖေဖော်ဝါရီလကုန်အထိပဲ နေထိုင်ခွင့်ရရှိမှာဖြစ်တဲ့အတွက် ယာယီနိုင်ငံကူးလက်မှတ် ပတ်စပို့မလုပ်ရင် သက်တမ်းထပ် မတိုးပေးဘူး။ ယာယီနိုင်ငံကူးလက်မှတ်လုပ်သူတွေက ထိုင်းတနိုင်ငံလုံးကို သွားလာနိုင်မှာဖြစ်သလို ရသင့်ရထိုက်တဲ့အခွင့် အရေးတွေကို ရရှိမှာဖြစ်တယ်" လို့ ပြောပါတယ်။

ပတ်စပို့ လုပ်ရာမှာ လုပ်ငန်းအဆင်ဆင့် သွားရတဲ့အတွက် သုံးလအတွင်း လူဦးရေ ၂ ထောင်ကျော်ပဲ လုပ်ပေးနိုင်ပါသေးတယ်။ ဒီအစည်းအဝေးမှာ တက်ရောက်ဆွေးနွေးခဲ့သူ လူ့အခွင့်အရေးနဲ့ ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းက ကိုဗိန်ငွေးက ပတ်စပို့ လုပ်မယ့်သူတွေအတွက် ထိုင်းအစိုးရက အချိန်တခုတိုးပေးတဲ့ အစီအစဉ်ရှိတယ်လို့ပြောပါတယ်။

"အဆင့်တွေက ၁၃ ဆင့်၊ ၁၄ ဆင့်လောက် ရှိပါတယ်။ လာမယ့် ၂၀၁၀၊ ၂၈ အမီ အားလုံး လူသန်းဂဏန်းလောက်ရှိတဲ့လူတွေ လုပ်လို့ မပြီးနိုင်ဘူးဆိုတာ သူတို့သိတယ်။ သူတို့ ထပ်ပြီးတော့ချဲ့မှာပဲ။ အခုအချိန်မှာ ပုံစံစာရွက်တွေဝေလာပြီ။ အလုပ်သမားတွေကို ပုံစံစာရွက်တွေ ဖြည့်ခိုင်းတယ်။ နိုင်ငံသားစိစစ်တဲ့လုပ်ငန်းစဉ်ကို သူတို့လုပ်မှာ။ လုပ်မယ်ဆိုတဲ့လူကို သက်တမ်းတိုးပေးမယ်။ မလုပ်ဘူးဆိုတဲ့လူကို သက်တမ်းမတိုးပေးဘူး၊ အလုပ်ရှာဖွေရေးဌာနက ပြောပြီးပြီ။"

အစည်းအဝေးကို တက်ရောက်တဲ့ အလုပ်သမားတွေက သူတို့အနေနဲ့ ရလာမယ့် ဒီအခွင့်အရေးကို အားလုံးက လိုလားကြပေမယ့် မြန်မာစစ်အစိုးရကို အယုံအကြည်မရှိဘူးလို့ အလုပ်သမားတဦးက ပြောပါတယ်။

"လုပ်ချင်တာက အလုပ်သမားအခွင့်အရေးအတွက် ဆိုင်ကယ်စီးဖို့၊ အလုပ်လုပ်တဲ့အခါ ပိုက်ဆံမရရင် သွားတိုင်ဖို့အခွင့်အရေးရှိတယ်။ အလုပ်သမားအားလုံးကြောက်တာက ရွာမှာ အခွန်ကောက်မှာ ကြောက်နေတာ။"

ထိုင်းအာဏာပိုင် ရှင်းပြပြောဆိုအပြီးမှာ ပတ်စပို့လုပ်ချင်တဲ့သူ လက်ထောင်ပါလို့ မေးတဲ့အခါ အလုပ်သမား ၄ ယောက်ပဲ လက်ထောင်ပြပြီး မလုပ်ချင်တဲ့သူ လက်ထောင်ပါလို့ မေးတဲ့အခါ အားလုံးနီးပါး လက်ထောင်တာကို တွေ့ခဲ့ရပါတယ်။ အလုပ်သမားတွေ ကိုယ်ပိုင် တောင်းဆိုချင်တယ်ဆိုရင် လက်ထောင်ပါလို့ပြောတဲ့ အခါမှာတော့ အားလုံးက လက်ထောင်တာတွေ့ခဲ့ပါတယ်။ ဒီနေ့ အစည်းအဝေးမှာ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေက ပတ်စပို့လုပ်ရေးမလုပ်ရေးနဲ့ပတ်သက်လို့ သူတို့လိုအပ်ချက်ကို ရေးသားလက်မှတ်ထိုးပြီး ထိုင်းဝန်ကြီးချုပ်ဆီ ပို့မယ်လို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ဒီအစီအစဉ်ကို မကြာခင် စတင်မယ်လို့ အစည်းအဝေးကိုကမကထလုပ်ပေးတဲ့ လူ့အခွင့်အရေးနဲ့ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းက ကိုဗိန်ငွေးက ပြောပါတယ်။

"လာတဲ့ အလုပ်သမားတွေ မှာ ၂ ဖွဲ့ ပါတယ်။ ဒဗလျူအက်အေနဲ့ ဒဗလျူအက်နဲ့ အဲ့ဒီအဖွဲ့ ၂ ခုက ကမ်ပိန်းတခုလုပ်မှာပေါ့။ ပတ်စ်ပို့ လုပ်မယ့်ကိစ္စနဲ့သူတို့ တောင်းဆိုချင်တဲ့အချက်တွေပေါ့။ အဲ့ဒါကို ညှိနှိုင်းပြီး လက်မှတ်ထိုးလှုပ်ရှားမှု ကမ်ပိန်းလုပ်ပြီး ဝန်ကြီးချုပ်ဆီ တင်မယ်လို့ဆုံးဖြတ်လိုက်တယ်၊ ဘာအချက်တွေ တောင်းဆိုမယ်ဆိုတာကို နောက်ပိုင်းအသေးစိတ်ပြန်ပြီး ဆွေးနွေးမယ်ပေါ့။"

ဒီနေ့ ဆွေးနွေးပွဲမှာ နောက်ထပ်ဆွေးနွေးဖြစ်တာက ထိုင်းရောက် ရွှေ့ပြောင်းအလုပ်သမားတွေ သွားလာရေး လွယ်ကူအောင် ထိုင်းအစိုးရက ဆိုင်ကယ်ပိုင်ဆိုင်ခွင့်ပြုလိုက်တဲ့ကိစ္စဖြစ်ပါတယ်။ ယာဉ်မောင်းလိုင်စင်နဲ့ပတ်သက်တဲ့ အသေးစိတ်ကို ဆွေးနွေးနေဆဲဖြစ်တယ်လို့ တာဝန်ရှိသူတွေက ရှင်းပြပြီး လာမယ့်တလ နှစ်လအတွင်းမှာ အဲဒီစည်းကမ်းချက် ထွက်လာလိမ့်မယ်လို့ ပြောပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး အလုပ်သမားအားလုံးက အာရဝမ်းသာကြတယ်လို့ အလုပ်သမားတဦးက ပြောပါတယ်။

"အခု ဆိုင်ကယ်တွေ ဝယ်လို့ရပြီ၊ ဆိုင်ကယ်လိုင်စင်က ထုတ်ပေးမယ်လို့လည်း မပြောဘူး၊ မထုတ်ပေးဘူးလည်း မပြောဘူး။ စည်းကမ်းချက် ပြင်ဆင်တုန်းပဲ ရှိသေးတယ်။ အလုပ်သမားအားလုံးက ဝမ်းသာတယ်။"

# တရားဥပဒေစိုးမိုးမှု ဈေးကွက်စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု

**ကျော်ကျော်စိုး**

မကြာသေးသောသီတင်းပတ်များအတွင်းက ရန်ကုန်ရှိ ကုမ္ပဏီတခုတွင် အလုပ်လုပ်နေသော အသက် ၃၀ အရွယ် ဥပဒေဘွဲ့ရသူတဦးနှင့်အင်တာနက်ကို အသုံးပြု၍ စကားပြောဖြစ်ခဲ့သည်။ ၎င်းလုပ်အကိုင်အခြေအနေအကြောင်း ပြောဖြစ်ရင်းနှင့် လုပ်ရကိုင်ရတာအဆင်မပြေကြောင်းသူကဆိုသည်။

လုပ်ငန်းလုပ်ကိုင်ခွင့်ပြုချက်များနှင့်အညီ လုပ်ကိုင်နေသော်လည်း လုပ်ငန်းနှင့်သက်ဆိုင်သာအာဏာပိုင်များ၊ အုပ်ချုပ်ရေးအာဏာပိုင်များ၊ နယ်မြေစစ်ဒေသမှုစစ်ဗိုလ်များက အမျိုးမျိုးသောအကြောင်းပြချက်များဖြင့် ငွေညှစ်သည့်သဘောမျိုးလုပ်ကိုင်နေသည်ကို လွန်စွာစိတ်ညစ်ရကြောင်း၊ မိမိအလုပ်လုပ်သောကုမ္ပဏီလေးမှာ အမြတ်အစွန်းနည်းနည်းလေးမျှသာရကြောင်းနှင့် ပေးဆောင်သင့်သောအခွန်အခများကို ပုံမှန်ပေးဆောင်နေကြောင်းဆိုသည်။ အကြောင်းရင်းမှာ ပြဿနာမဖြစ်ချင်သောကြောင့်ဖြစ်သည်ဟု ပိုင်ရှင်က မိမိတို့ကိုပြောပြသည်ဟု ဆိုသည်။

ကျနော်က အခြေခံအကြောင်းရင်းမှာ မြန်မာနိုင်ငံ၌ တရားဥပဒေစိုးမိုးမှု Rule of Law မရှိသောကြောင့်ဟုပြောရာ သူက အဲဒီဥပဒေအမျိုးမျိုးက ၎င်းတို့၏လုပ်ငန်းများပုံမှန် ချောချောမွေ့မွေ့လုပ်ကိုင်၍မရစေရန် အတားအဆီးလုပ်နေသည်ဟုဆိုသည်။ ကျနော်က တရားဥပဒေစိုးမိုးမှုဆိုသည်မှာ သူရရွှေမန်းပြောခဲ့ဘူးသောစကားတခွန်းသည် မှန်ကန်သောစကားဖြစ်သည်ဟု ထောက်ပြခဲ့သည်။ ဥပဒေအထက်တွင် မည်သူတဦးတယောက်မျှ မရှိစေရ ဆိုသည့်စကားရပ်ဖြစ်သည်။ စကားမှန်ခြင်းသာဖြစ်သည်၊ ၎င်း၏လုပ်ရပ်မှန်သည်ဟုဆိုခြင်းမဟုတ်။

တရားဥပဒေစိုးမိုးမှုဆိုသည်မှာ ဥပဒေက လူ့အဖွဲ့အစည်းအတွင်း ကြီးစိုးမှု၊ လွှမ်းမိုးမှုပင်ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံတနိုင်ငံတွင်းရှိ လူတိုင်းအပေါ် လွှမ်းမိုးမှုရှိသည်၊ လူတိုင်း၏အထက်တွင်ရှိခြင်းဖြစ်သည်။ လူတိုင်းအပေါ်တွင် ဥပဒေကိုကျင့်သုံးခြင်းဖြစ်သည်။ အုပ်ချုပ်သူဖြစ်စေ၊ အုပ်ချုပ်ခံဖြစ်စေ၊ မည်သူတဦး တယောက်ကမျှ ဥပဒေအထက်တွင် မရှိခြင်းဖြစ်သည်။ ထို့အပြင် ဥပဒေများကို လူတိုင်းလူတိုင်းအပေါ်တွင် ချွင်းချက်မရှိ တပြေးညီကျင့်သုံးခြင်းဖြစ်သည်။

တရားဥပဒေစိုးမိုးမှုကို လူအမျိုးမျိုးက ဖွင့်ဆိုချက်အမျိုးမျိုး ပြုလုပ်ကြလေသည်။ မည်သို့ပင်ဆိုစေကာမူ ယနေ့ခေတ်ကာလတွင် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံတနိုင်ငံတွင် ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် အရည်အသွေးကို တိုင်းတာသောပေတံဖြစ်လာနေပေသည်။

၎င်းနေရာတွင် အမေရိကန်ဥပဒေပညာရှင်တဦးဖြစ်သည့် Lon Fuller ၏ တရားဥပဒေစိုးမိုးမှုနှင့်ပတ်သက်၍ လူ့အဖွဲ့အစည်းအနေဖြင့် လိုက်နာကျင့်သုံး အကောင်အထည်ဖော်ရန် မရှိမဖြစ်လိုအပ်သောဥပဒေဆိုင်ရာ အချက် ၈ ချက်ကို ၎င်း၏ The Morality of Law ဟူသော စာအုပ်တွင် ဖော်ပြထားသည်ကို ဖောက်သည်ချပြီး ရှင်းလိုပါသည်။

၁ ။ ဥပဒေများသည် ခိုင်မာစွာတည်ရှိနေရမည်ဖြစ်ပြီး ထိုဥပဒေများကို အစိုးရအာဏာရှိများအပါအဝင် လူတိုင်းကလိုက်နာရမည်။

(နိုင်ငံတနိုင်ငံတွင် မည်သူမဆို ဥပဒေများကို တပြေးညီလိုက်နာရမည်ဆိုသည့်အသိစိတ် ကျင့်ဝတ်များရှိရမည်၊ ထို့အတူ ဥပဒေများနှင့်ပတ်သက်လျှင် ကျောသားရင်သားခွဲခြားမှု မရှိရ ဆိုသည့်သဘောပင်ဖြစ်သည်)

၂ ။ ဥပဒေများကို ပုံနှိပ်ထုတ်ဝေထားခြင်းရှိရမည်။

(ဥပဒေများကို အများသိစေရန် အတိအလင်းထုတ်ပြန်ကြေညာထားရမည်၊ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် လုပ်ဆောင်ရမည်ဆိုသည့်အချက်ပင်ဖြစ်သည်)

၃ ။ ဥပဒေဆိုသည်မှာ ကျယ်ပြန့်သည့်အမြင်ရှိရမည်၊ တိကျသည့်ပြဌာန်းချက်များရှိရမည်။ ဥပဒေအတည်ပြုပြီးမှအသက်ဝင်လာရမည်ဖြစ်သည်။

(ဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ အတိအကျလိုက်နာဆောင်ရွက်ရမည်၊ ထိုသို့မဟုတ်ပါက တရားမျှတမှုမရှိသည့်အခြေဆိုက်နိုင်ပြီး တရားဥပဒေစိုးမိုးမှုကို ထိခိုက်စေနိုင်သည်။

၄။ ဥပဒေများကို ကြောင်းကျိုးညီညွတ်စွာဖြင့်ရေးသားရမည်ဖြစ်ပြီး အတင်းအကျပ်ပြဌာန်းထားခြင်းမရှိစေရ။

(လူတစု၊ လူတဖွဲ့၊ အုပ်စုတစုအကျိုးအတွက်မဟုတ်၊ ပြည်သူလူထုအားလုံးအကျိုးအတွက်၊ နိုင်ငံတွင်းနေထိုင်သူအားလုံးအကျိုးအတွက် ရည်မှန်းရေးဆွဲပြဌာန်းရသည်ကို ၎င်းအချက်ကဖော်ပြနေသည်။

၅ ။ ဥပဒေသည် ဆန့်ကျင်ဘက်ဖြစ်နေမှုများမရှိစေရန်ရှောင်ကြဉ်ရမည်။

(ရှေ့နောက်မညီမညွတ်မရှိစေရ၊ ဆိုလိုသည်မှာ အခြားဥပဒေများ၊ ဆက်စပ်မှုရှိနေသောဥပဒေများနှင့် ဖီလာဆန့်ကျင်မှုများမရှိစေရဆိုသည့်သဘောဖြစ်သည်)

၆ ။ ဥပဒေသည် မဖြစ်နိုင်သည်များကို ညွှန်ကြားခြင်းမျိုးမဖြစ်စေရ။

(မဖြစ်နိုင်သည်များကို မလုပ်ရဆိုသည့်အတွက် အဓမ္မလုပ်ဆောင်ခြင်း တဘက်သတ်လုပ်ဆောင်ခြင်း၊ မမျှမတလုပ်ဆောင်ခြင်း၊ မတရားမလုပ်ရ ဆိုသည်ကို ဖော်ပြနေသည်)

၇ ။ ဥပဒေ၏အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ အချိန်ကာလကို အတိအကျပြဌာန်းရမည်ဖြစ်သလို အချိန်ကာလရွေ့လျောလာမှုနှင့်အညီ နိုင်ငံရေးအခြေအနေပြောင်းလဲလာမှုနှင့်အညီ ပြုပြင်ပြောင်းလဲရန် လိုအပ်လာပါက ပြုပြင်ပြောင်းလဲပိုင်ခွင့်ရှိရမည်။

(ကာလ ဒေသ ပယောဂနှင့်အညီ၊ <u>လူ့အဖွဲ့အစည်း၏အခြေအနေနှင့်အညီ</u> ပြုပြင်ပြောင်းလဲရမည်၊ သို့မှသာ လူ့အဖွဲ့အစည်းကို အကျိုးပြုသည့်ဥပဒေ ဖြစ်နေမည် ဆိုသည့်အချက်ကို ဖော်ပြထားခြင်းဖြစ်သည်)

၈ ။ ဥပဒေတွင်ဖော်ပြထားသည့်စည်းမျဉ်းစည်းကမ်းများ၏ဘောင်အတွင်းမှသာ အာဏာရှိများလုပ်ဆောင်အကောင်အထည်ဖော်ရမည်။

(ဥပဒေပါစည်းကမ်းသတ်မှတ်ချက်များနှင့်အညီသာလုပ်ဆောင်ရမည်ဆိုသည်ကို ဥပဒေကို လက်တွေ့အကောင်အထည်ဖော်သူများ အထူးသတိထားလိုက်နာရမည်ကို သတိပေးထားခြင်းဖြစ်သည်)

ဥပမာ အမေရိကန်ပြည်ထောင်စုတွင် သမတ၊ တရားရုံးချုပ်၊ လွှတ်တော်အမတ်များအားလုံး ပထမဦးဆုံးကိုင်တွယ်လုပ်ဆောင်ပြီး စောင့်ထိန်းကြသည့်အရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပင်ဖြစ်သည်။ ထိုအတွက်သစ္စာဆိုကြရသည်။ ၎င်းသည်က တရားဥပဒေစိုးမိုးမှုဆိုသည်မှာ အုပ်ချုပ်သည့်မည်သူ့အပေါ်တွင်မဆို လွှမ်းမိုးထားသည်ကို ဆိုလိုခြင်းဖြစ်သည်။

တချိန်တည်းမှာပင် အစိုးရကလည်း ပြည်သူ့ကိုယ်စားလှယ်များက လူတဦးတယောက်ချင်းစီ၏အခွင့်အရေးနှင့်လွတ်လပ်ခွင့် များလေးစားစောင့်ထိန်းသောလုပ်ဆောင်ချက်များဖြင့် ရေးသားပြဌာန်းလိုက်သောဥပဒေများကို အကောင်အထည်ဖော်ကျင့်သုံးကြသည်။ ထို့အတူ တရားစီရင်ရေးဌာနကလည်း အုပ်ချုပ်သောအစိုးရက ဥပဒေပြဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်လုပ်ဆောင်ခြင်းရှိသောကိစ္စရပ်များကို စောင့်ကြည့်ခြင်းနှင့် အငြင်းပွားဖွယ်ရာကိစ္စများကို ဖြေရှင်းဆုံးဖြတ်ချက်ချရသည်။

ပြည်သူလူထုကလည်း ၎င်းတို့၏အခွင့်အရေးများ လွတ်လပ်ခွင့်များကို လွှတ်တော်အမတ်များက ပြဌာန်းလိုက်သောဥပဒေများက ထိခိုက်ခြင်းရှိပါက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်း၊ တိုင်ကြားခြင်း၊ တရားစွဲဆိုခြင်းများ ပြုလုပ်နိုင်သည်။

အာရှနိုင်ငံများသည် အစဉ်အလာအားဖြင့် ကောင်းမွန်သောအုပ်ချုပ်မှုရှိသည်ဟု ရှုမြင်ခြင်းခံကြရသည်။ ခေါင်းဆောင်များသည် ဥပဒေများနှင့်အညီအုပ်ချုပ်ကြသည်ဟူသော အစဉ်အလာအချို့ရှိခဲ့သော်လည်း လူ့အဖွဲ့အစည်းများကို နိုင်ငံကိုဦးဆောင်ဦးရွက်ပြု၍ တိုးတက်မှုများရရှိလာသောအခါ မိမိကိုယ် မိမိယုံကြည်ချက်များတိုးတက်လာပြီး နိုင်ငံ၏အရေးအရာကိစ္စအရပ်ရပ်၊ လူ့အဖွဲ့အ

စည်းဆိုင်ရာ အရေးကိစ္စများကို မိမိတို့သဘောဆန္ဒများဖြင့်ဆုံးဖြတ်လုပ်ကိုင်လာကြသည် များရှိလာသည်။ ပြောင်းလဲလာလူမှုအသိုင်းအဝိုင်းအခြေအနေများ၊ Globalization ကျယ်ပြန့်လာသောအခြေအနေများကြောင့် တရားဥပဒေစိုးမိုးမှုကို လက်ကမ်းကြိုဆိုထွေးပွေ့ရန်တုံ့နှေးလာခဲ့သည်။

သို့သော် Globalization ခေတ်ကြီးတွင် နိုင်ငံများသည် လွတ်လပ်သောဈေးကွက်များကို ဖော်ဆောင်လာကြသည့်အတွက် တရားဥပဒေစိုးမိုးမှုသည် အစိုးရ၏ အခြေခံမှု အခြေခံစည်းမျဉ်း၊ လိုက်နာရမည့်အခြေခံအချက်ဖြစ်လာသည်။ ဥပမာ တောင်ကိုရီးယား၊ ဂျပန်၊ ဟောင်ကောင် တို့တွင် တရားဥပဒေစိုးမိုးမှုကို အာရှ ရှိ အခြားနိုင်ငံများထက် ပိုမိုလိုက်နာစောင့်ထိန်းကျင့်သုံးခြင်းများကို ပြုလုပ်သည်ကို လေ့လာတွေ့ရှိချက်များကဖော်ပြနေသည်။

တရုတ်၊ ဗီယက်နမ်ကဲ့သို့ လွတ်လပ်သောစီးပွားရေးစနစ်ကို လက်တွေ့အကောင်အထည်ဖော်နေသောနိုင်ငံများတွင် တရားဥပဒေစိုးမိုးရေး တိုးတက်အောင်မြင်စေရန်ကြိုပမ်းနေသည်ကို တွေ့ရသည်။ အစိုးရက လူ့အဖွဲ့အစည်းအပေါ် အရာရာလွှမ်းမိုးချုပ်ကိုင်ချယ်လှယ်ကြီးစိုးခဲ့သည့် အစဉ်အလာကျင့်ထုံးများက အုပ်ချုပ်သူများတွင် အရိုးစွဲနေသည့် ပမာကျန်ရစ်နေသောကြောင့် တခါတရံတွင် တရားဥပဒေအထက်တွင် အမိန့်အာဏာများက လွှမ်းမိုးသည့်အဖြစ်အပျက်အခြေအနေများကို ကြုံရသည်ကိုတွေ့ရသည်။

သို့သော် နိုင်ငံတကာအသိုင်းအဝိုင်းထဲထိုးဖောက်ဝင်ဆန့်လိုသော အဆိုပါနိုင်ငံများသည် ၎င်းတို့နိုင်ငံ၏အဆင့်အတန်းကို နိုင်ငံတကာအဆင့်မီစေရန် ပြုလုပ်ကြသည်။ ဤသည်မှာ Globalization ပင်ဖြစ်သည်။ Globalization ကို ကမ္ဘာ့အဆင့်နှင့်ညီစေရန်ပြုလုပ်ခြင်းဖြစ်သည်ဟုလည်း ဆို၍ရသည်။ သို့မှသာ လွတ်လပ်သောဈေးကွက်စီးပွားရေး ကျင့်သုံးနေသောမိမိတို့နိုင်ငံများသို့ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ လာရောက်ရင်းနှီးမြှုပ်နှံကာ ထိုမှတဆင့် ငွေကြေး၊ နည်းပညာစသည့် အရင်းအမြစ်များတိုးတက်ရရှိပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ ဖြစ်လာပေမည်။ ထို့ကြောင့် ဈေးကွက်စီးပွားရေးကို ဖော်ဆောင်သောနိုင်ငံများသည် တရားဥပဒေစိုးမိုးရေးကို လက်တွေ့အလေးပေးလုပ်ဆောင်ကြခြင်းဖြစ်သည်။

ဈေးကွက်စီးပွားရေးကို အကောင်အထည်နေသောနိုင်ငံများတွင် ဥပဒေသည် အရေးကြီးသောအစိတ်အပိုင်းမှပါဝင်နေသည်ကို လူတိုင်းသိရှိနားလည် လက်ခံထားရန်လိုအပ်ပေသည်။ အဘယ်ကြောင့်ဆိုသော် စီးပွားလုပ်ကိုင်ကြသောသူများအကြား အပြန်အလှန်သဘောတူညီချက်များ ပြုလုပ်ကြသည်ဖြစ်ရာ တရားဥပဒေစိုးမိုးမှုရှိခြင်းက ထိုသူများအား အကယ်၍များ မိမိတို့အကြား အငြင်းပွားမှုများ၊ သဘောတူညီချက်များကို ချိုးဖောက်မှုများဖြစ်ပါက ထိုကိစ္စများကို ထိထိရောက်ရောက်နှင့်မျှမျှတတ ဖြေရှင်းပေးနိုင်မည်ဆိုသည်ကို ယုံကြည်ချက်ရှိစေသောကြောင့်ဖြစ်သည်။

ထိုသို့သောယုံကြည်ချက်များဖြစ်ထွန်းစေခြင်းက ခိုင်မာအားကောင်းသည့်ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုများကို တိုးတက်ဖြစ်ထွန်းစေပြီး ထိုသို့သော တိုးတက်ဖြစ်ထွန်းခြင်းက နိုင်ငံများ၊ အစိုးရများ၊ ပြည်သူများက အလိုရှိနေကြသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်ကို ရရှိနိုင်သောကြောင့်တည်း။

ထိုသို့သောအကြောင်းအချက်များကြောင့် ကြိုတင်ခန့်မှန်းနိုင်ခြင်းနှင့် အရာရာတိုင်းသည် သူ့နေရာသူ နေရာတကျ အံဝင်ခွင်ကျဖြစ်နေခြင်းကို တရားဥပဒေစိုးမိုးမှုက ပေးစွမ်းနိုင်ခြင်းရှိသည်ဟု ဆိုကြခြင်းဖြစ်သည်။ တရားဥပဒေစိုးမိုးမှုက ယှဉ်ပြိုင်မှုများကို စည်းကမ်းသတ်မှတ်ပေးရာရောက်သောကြောင့် ရင်းနှီးမြှုပ်နှံမှုပြုခြင်း၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများ၊ သဘောတူစာချုပ်များပြုလုပ်ခြင်းကဲ့သို့သော အရေးကြီးသည့်ကိစ္စရပ်များဆောင်ရွက်ရာတွင် များစွာအထောက်အကူပေးပေသည်။

ထို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတိုးတက်ခိုင်မာခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည်ကို နိုင်ငံအစိုးရများက အသိအမှတ်ပြုလက်ခံလာကြသည်ဆိုသည့်အချက်ကို သတိထားမမေ့မလျော့ရန်မှာ ယခုအခါ အရေးကြီးသောအချက်ဖြစ်လာနေသည်။

ထို့မျှမက တရားဥပဒေစိုးမိုးက လူမှုရေးဆိုင်ရာအခွင့်အရေးများနှင့် အစိုးရ၏တာဝန်ခံမှုအတွက် အရေးပါသောနေရာမှာပါဝင်နေပေသည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်နေသောနိုင်ငံများ၊ အစိုးရများသည် ယခင်ကကျင့်သုံးခဲ့သော စီမံကိန်းစီးပွားရေးစနစ်၏အရိပ်မည်းကြီး၏လွှမ်းမိုးမှုကို အနည်းနှင့်အများဆိုသလိုခံရတတ်သည်ကို နားလည်သဘောပေါက်ရန်လိုအပ်ပြီး စစ်မှန်သည့် ဈေးကွက်အခြေပြုစီးပွားရေးစနစ်ကို ခိုင်မာစွာအုတ်မြစ်ချနိုင်ရန် လိုအပ်သည်။

စီးပွားရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်လာသောအခါ အစိုးရသည် နိုင်ငံတွင်းရှိ မြေယာ၊ လုပ်အား စသည်များကို တဦးတည်းပိုင်ဆိုင်သည့်အခြေ အနေတွင်မရှိတော့သောကြောင့် အုပ်ချုပ်သူများ၊ အာဏာကျင်သုံးပိုင်ခွင့် ရှိသောသူများသည် ယခင်ကကျင်လည်ခဲ့ရသောအခြေအနေများမှ ရုန်းထွက်ကာ လုပ်ဆောင်နိုင်ရန်လိုသည်ဟု ဆိုခြင်းဖြစ်သည်။

တရားဥပဒေစိုးမိုးမှုရှိခြင်းက စီးပွားရေးနှင့်ပတ်သက်၍ အစိုးရက မတရားတဘက်သတ်ဆောင်ရွက်မှုများမှ ကင်းလွတ်စေရန်ဆောင်ရွက်ပေးနိုင်ပေသည်။ ဥပမာ မြန်မာနိုင်ငံတွင်းဖြစ်ပျက်ခဲ့သည့် မြန်မာဘီယာကုမ္ပဏီကိစ္စက မြန်မာနိုင်ငံတွင်း၌ တရားဥပဒေစိုးမိုးမှုရှိသည် မရှိသည်ဆိုသည်ကို ပြသနေသည့် သာဓကတခုဖြစ်သည်။

ထို့ကြောင့် လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်လိုလျှင်၊ ဖွံ့ဖြိုးတိုးတက်သောလူ့အဖွဲ့အစည်းတရပ်ကိုထူထောင်လိုလျှင်၊ ဒီမိုကရေစီထွန်းကားသောလူ့ဘောင်ကို ထူထောင်လိုလျှင်၊ လွတ်လပ်သောလူမှုအသိုင်းအဝိုင်းတခုကိုမျှော်မှန်းသည်ဆိုလျှင် တရားဥပဒေစိုးမိုးမှုသည် မရှိမဖြစ် အရေးအကြီးဆုံးနေရာမှပါဝင်နေသည်ကို လူတိုင်းလူတိုင်းနားလည်လက်ခံပြီး တရားဥပဒေစိုးမိုးမှုများ အမှန်တကယ်ဖြစ်ထွန်းလာရေးအတွက် လူတိုင်းဝိုင်းဝန်းကြိုးပမ်းရမည်ဟူသော အသိစိတ်ရှိရန် လိုအပ်ပေသည်ဟု ဆိုလိုက်ရသည်။

---

# အမျိုးသားအောင်ပွဲနေ့ကျင်းပ

**DVB၊ နိုဝင်ဘာ ၁၁။** ။ မန္တလေးတိုင်းအဖွဲ့ချုပ်ကလည်း တိုင်းအဖွဲ့ချုပ်တွဲဘက်အတွင်းရေးမှူး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သန်းရဲ့နေအိမ်မှာ ဖွင့်ထားတဲ့ ပြန်ကြားရေးရုံးမှာ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်ပွဲပြုလုပ်ခဲ့ ပါတယ်။

အဖွဲ့ ချုပ်ဝင် ၃၀ ကျော်တက်ရောက်ခဲ့တဲ့ ဒီပွဲမှာ အမျိုးသားရေးစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီရရှိရေး ဆက်လက်ကြိုးစားသွားကြဖို့ အဓိက ပြောကြားခဲ့ကြတယ်လို့ မန္တလေးအနောက်မြောက်မြို့နယ်လွှတ်တော် ကိုယ်စားလှယ်ဦးတင်အောင်က ပြောပါတယ်။

"လက်ရှိအနေအထားမှာ အမျိုးသားစိတ်ဓာတ်အနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရအောင်ဆောင်ရွက်ကြဖို့သင့်တယ်။ အခုလက်ရှိ အနေအထားနဲ့ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ကလည်း ထိပ်ပိုင်းဆိုင်ရာ အမျိုးသားပြန်လည်သင့်မြတ်ရေးအနေအထားတွေမှာ ဆန်ရှင်ကိစ္စတွေကို လက်ရှိအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်တာတွေ တွေ့ရ တဲ့အတွက် မြို့နယ်များအနေနဲ့အမျိုးသားရေးစိတ်ဓာတ်နဲ့ စည်းလုံးညီ ညွတ်စွာ အဖွဲ့ချုပ်ရဲ့ဦးဆောင်မှုအောက်မှာ တိုင်းပြည်တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်သွားကြမယ်ဆိုတာ ဆွေးနွေးသွားကြပါတယ်။"

ဘိတ်မြို့မှာ ကျင်းပတဲ့ အထိမ်းအမှတ်ပွဲအကြောင်းကိုတော့ မြို့နယ်အဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးစိုးလွင်က ပြောပါတယ်။

"အမျိုးသားအောင်ပွဲနေ့ ကျင်းပရခြင်း ရည်ရွယ်ချက်က အမျိုး သားရေးစိတ်ဓာတ်ပြန်လည်နိုးကြွားစေဖို့ပါ။ လူငယ်တွေ မသိသေးတဲ့ အချက်အလက်တွေကို လူကြီးတွေအနေနဲ့ခေတ်မှီတဲ့ ဒီမိုကရေစီနိုင်ငံ တော်သစ်တည်ဆောက်နိုင်ဖို့ လူငယ်အင်အားတွေ အများကြီးလိုအပ်တဲ့အကြောင်းကို ဆွေးနွေးတယ်၊ လူငယ်တွေ အမျိုးသမီးတွေက အမျိုးသားအောင်ပွဲနေ့သမိုင်းကြောင်းကို အသီးသီးစာတမ်းဖတ်ကြားသွားတယ်။ ပရိသတ်အားလုံးပေါင်း ၅၀ ဝန်းကျင်တက်ရောက် နိုင်ခဲ့ကြပါတယ်။"

# VB သူ့အမြင်

မီဒီယာသမားတွေရလိုက်တာက ဒေါ်အောင်ဆန်းစုကြည်ရဲ့ နောက်ဆုံး ဓာတ်ပုံတပုံ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရလိုက်တာက ဗိုလ်ချုပ်တင်ဦးအပေါ် နအဖ က အခုအထိ ဘယ်လိုသဘောထားတယ်ဆိုတဲ့ သဘောထား၊ နအဖ ရလိုက်တာက ပြည်တွင်းပြည်ပကို လိမ်ညာခွင့်၊ ဗမာပြည် ပြည်သူလူထုကတော့ တံလျှပ်လေးတောင် မမြင်လိုက်ရ။ လာကတည်းက အခြေအနေကိုစနည်းနာဖို့ လာတာလို့ပြောခဲ့တဲ့ အမေရိကန်အစိုးရအဖို့ကတော့ အရင်းဟာ အရင်းဘဲလို့ ပြောနိုင်ပါတယ်။ သူတို့အတွက်က ရသမျှအမြတ်ချည်းလို့ တွက်ထားတာဖြစ်ပါ တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး သုံးသပ်ရေးသားထားတဲ့ ခေတ်ပြိုင်သတင်းစာပါ ရဲ ဘော်ဖိုးသံချောင်းရဲ့ ဆောင်းပါးကို ဒီအပတ်သူ့အမြင် ကဏ္ဍအဖြစ်ဖော်ပြလိုက်ပါ တယ်။

အိုဘားမားအစိုးရဟာ ဗမာပြည်အရေးကို ဘယ်နည်းနဲ့ချဉ်းကပ်ဖြေရှင်း တာအကောင်းဆုံးလဲလို့ ရှာဖွေစမ်းသပ်နေတာဖြစ်ပါတယ်။ ဒီလို သဲထိတ်ရင်ဖို ရုပ်ရှင်ကားလိုလို၊ သံတမန်သူလျှို ရုပ်ရှင်ကားလိုလို ဗမာ့နိုင်ငံရေးဇာတ်လမ်းတခု ကို အားလုံးကအလေးထား အာရုံစိုက်ကြည့်နေကြလို့ အခုံးပိုင်းလည်းရောက်ရော မထင်မှတ်ဘဲ လူပြက်တယောက်ခုန်ထွက်လာတယ်။ တခြားလူဟုတ်ပါရိုးလား၊ ဗိုလ် ချုပ်မှူးကြီးသန်းရွှေပေ့ါ။ ကမ်ဘဲလ်ပြန်သွားတာသေချာပြီဆိုတော့မှ ပုန်းအောင်နေ ရာကထွက်လာ၊ ပြီးတော့ ကြပ်ပြေးကိုပြန်ရောက်ရောက်ချင်း အိပ်မှုန်စုံမွှားနဲ့ “စက် မှုနိုင်ငံထူထောင်ရမယ်” လို့ လက်သီးလက်မောင်းတန်း အော်လိုက်ပါတယ်။ ဦးပုည ရေးသလို “ကမ္ဘာကြီးပျက်ကာမှ ယောင်တိယောင်နနဲ့ လူ့ဘဝကိုရတဲ့” လူဆိုတာ မျိုးပါဘဲ။ သူဟာသွားပုန်းနေတာ မဟုတ်ပါဘူးလို့ လျှောက်လဲချက်တင်နေတာပါ။ ဒါပေမယ့် ဒီအပြောဟာ ဒီနိုင်ငံ့အကြီးအကဲကြီးရဲ့ အရည်အချင်းကို ဖော်ပြလိုက်သ လိုဖြစ်သွားတာမို့ ပရိသတ်ကို ပွဲအကျကြီးကျသွားစေပါတော့တယ်။ ထားတော့ ဗမာပြည်နိုင်ငံရေးဟာ ဒါနဲ့ဘဲ သံသရာလည်နေရတော့မှာလား။

အမေရိကန်က ကမ်ဘဲလ်ကိုလွှတ်တာဟာ အဓိကအားဖြင့် အာရှတိုက် ဒီဘက်ပိုင်းက တရုတ်၊ အိန္ဒိယ၊ အာဆီယံတို့ရဲ့ နိုင်ငံရေးကျားပိုင်းမှာ သူတို့ကျန်မ နေခဲ့ဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ ဗမာပြည်အရေးဟာ အမေရိကန်နိုင်ငံအတွက် အရေးပါသလောက် ပါပေမယ့် ဘယ်တုန်းကမှထိပ်တန်းထားရတဲ့ ကိစ္စမဖြစ်ခဲ့ပါ ဘူး။ အခုလည်းမဖြစ်သေးပါဘူး။ ဒီတော့ အိမ်ဖြူတော်ဟာ ဗမာပြည်အရေးကိုတ လျှောက်လုံး သူတို့နိုင်ငံခြားရေးပေါ်လစီရဲ့ ဒုတိယတန်း၊ ဒါမှမဟုတ် တတိယတန်းပြ သနာအဖြစ်ဘဲ ကိုင်တွယ်နေမှာပါ။ “ဗမာပြည်ကို တခေါက်သွားလိုက်တာနဲ့ဘဲ ပြဿနာအားလုံးကို ဖြေရှင်းနိုင်လိမ့်မယ်လို့ မမျှော်လင့်သင့်ဘူး။” ဆိုတဲ့ အပြောမျိုး တွေဘဲ ကြားနေရဦးမှာသေချာပါတယ်။ ဒါကို လည်တံတမော့မော့ လုပ်နေကြလို့မ ဖြစ်ပါဘူး။

ဒီလိုအခါမှာ နအဖ စစ်ဗိုလ်ချုပ်တွေအနေနဲ့ နိုင်ငံကြီးတွေအကြားမှာ ဟို ပင်ဒီပင်ကူးပါလို့ ကစားနိုင်တော့မယ်လို့တွေးပြီး အူမြူးနေမှာသေချာပါတယ်။ အ ရင်ကတော့ အတိုက်အခံတွေက ဗမာပြည်အရေးကို ပြည်ပနိုင်ငံရေးဝိုင်းထဲကိုတွန်း ပို့ဆွဲပို့တာတွေလုပ်နေခဲ့ပါတယ်။ မကြာမီကာလမှာတော့ နအဖ စစ်အစိုးရက ပြဿနာတွေကို ပြည်ပလွှဲချပြီး အချိန်ဆွဲတာ၊ အငှားဗိုက်နဲ့ ဓားထိုးခံတာ၊ ပြည်ပ နဲ့ရန်တိုက်ပေးတာတွေ လုပ်လာနိုင်ပါတယ်။ အမေရိကန်ကို ပုဏ္ဏားတိုင်ထား ပြီးပြောတာကို အတိုက်အခံတွေထက် နအဖက ပိုလုပ်လာတာမျိုးတောင် တွေ့ ကောင်းတွေ့ လာရနိုင်ပါတယ်။

နောက်ဖြစ်နိုင်ခြေတခုကတော့ အင်တာနက်ရယ်၊ ဗိုလ်စာနဲ့ရေးထားတဲ့ စာအုပ်ကြီးတွေရယ်ကို ကိုးကားပြီး မီဒီယာတွေကနေဖိန်းတာ၊ ဟိန်းတာတွေလည်း ပိုများကောင်းများလာနိုင်ပါတယ်။ တဆက်တည်းမှာ မရှက်မကြောက် ဟိုဘက် ဒီဘက် ခြံကူးတာတွေလည်းတွေ့လာရပါလိမ့်မယ်။ ဟိုပုဂ္ဂိုလ်များပြောတဲ့ “စ ပေ့စ်” တွေ များလာနိုင်တယ်ဆိုတဲ့သဘောမျိုးလား။ အင်း… နအဖ ထိုးပေးထား တဲ့မီးမောင်းအောက်မှာက ကြပေတော့ပေ့ါ။ နောက်ပြီး မောင်မောင်မခေါ်ခင်က တည်းက ဗျာ ထူးနေတဲ့လူတွေလည်း အခုထက် ပိုများကောင်းများလာနိုင်ပါ တယ်။ ရွေးကောက်ပွဲဥပဒေထဲမှာ ဘာတွေဘဲရေးထားထား ဒို့ကတော့ အမတ် တနေရာရဖို့အတွက် အသက်ဘဲပေးရ ပေးရ ဝင်မှာဘဲဆိုတဲ့လူတွေလည်း အား တက်ကောင်းတက်ပါလိမ့်မယ်။

သေချာတာကတော့ ဗမာပြည်ရဲ့နိုင်ငံရေး ပိုရှုပ်ထွေးလာမယ်ဆိုတာပါဘဲ။ တိုင်းပြည်တပြည်ရဲ့အရေးမှာ နိုင်ငံကြီးတွေပါလာရင် ပိုရှင်းရလွယ်မယ်လို့ အသေ တွက်ရင်မှားတယ်ဆိုတာ မြင်ရတော့မှာပါ။ အိုဘားမားအစိုးရအနေနဲ့က ဗမာ ပြည်အရေးဟာ ဘုရှ်ရဲ့နည်းလည်းမစွံဘူး၊ အာဆီယံနည်းလည်းမစွံဘူး၊ ဒါကြောင့် ဘယ်နည်းကောင်းမလဲလို့ ရှာဖွေစမ်းသပ်နေတာပါ။ ထပ်ပြောပါ့မယ်။ အိုးဘားမား အစိုးရဟာ ဗမာပြည်အရေးကို ဘယ်နည်းနဲ့ချဉ်းကပ်ဖြေရှင်းတာ အကောင်းဆုံးလဲ လို့ ရှာဖွေစမ်းသပ်နေတာဖြစ်ပါတယ်။ သူတို့ကနိုင်ငံကြီးဆိုတော့ အချိန်စောင့်နိုင် ပါတယ်။ လောစရာမလိုပါ။ သူတို့အဖို့က အရှေ့တောင်အာရှက ဒီအရေးမှာငါ့ကို ချန်ထားလို့မရဘူးနော်လို့ ပြောလိုက်ရရင်ဘဲ ရည်ရွယ်ချက်တဝက်ကျော်ပြည့် မြောက်နေပါပြီ။ သူတို့ဦးတည်လှုပ်ရှားနေတာက ဗမာပြည် ပြည်သူတွေမဟုတ်ပါ ဘူး။ တရုတ်၊ အိန္ဒိယနဲ့ အာဆီယံအပါအဝင် ဒီဒေသနိုင်ငံတွေကိုဦးတည်တာပါ။

ကမ်ဘဲလ်လာသွားတာဟာလည်း သူတို့သဘောထားကို ကျယ်ကျယ်ပြန့် ပြန့်ရှင်းပြဖို့ဘဲဖြစ်ပါတယ်။ ဒီလူတွေနဲ့အဖွဲ့အစည်းတွေရဲ့သဘောထားကို အကျယ် အပြန့်နားထောင်ဖို့က အဓိကမဟုတ်ပါဘူး။ (ဗမာပြည်အကြောင်း၊ ဗမာပြည်ကလူ့ အဖွဲ့အစည်းတွေရဲ့ သဘောထားတွေကို သူတို့မသိတာလည်းမဟုတ်ပါဘူး။) သူ တို့လုပ်ချင်တာကို ဒီကလူတွေ နားလည်သဘောပေါက်ဖို့၊ ဒါမှမဟုတ် နောင်အ တွက် လမ်းဖွင့်ထားနိုင်ဖို့ရည်ရွယ်တာဖြစ်ပါတယ်။

အခုတော့ အိုဘားမားနဲ့သိန်းစိန်တွေ့မယ်ဆိုတဲ့ အခြေအနေတောင် ရောက်လာနေပါတယ်။ ဒီအခါမှာ မီဒီယာတွေက ၁၉၆၀ ခုနှစ်များတုန်းက ဗိုလ်နေ ဝင်းနဲ့အမေရိကန်သမတ ဂျွန်ဆင်တို့တွေ့ကြတာကို ပြန်ညွှန်းနေကြတာကိုလည်း တွေ့လာရပါတယ်။ ကွန်မြူနစ်ဆန့်ကျင်ရေးအတွက် အမေရိကန်က ဗိုလ်နေဝင်းကို ကျောသပ်ခဲ့တာ၊ အကူအညီပေးခဲ့တာတွေကို ထောက်ပြကြပါတယ်။ ဒါပေမယ့် သူတို့သွားလိုတဲ့အချက်တချက် ကျန်နေတယ်လို့ထင်ပါတယ်။ အဲဒါက အဲဒီတုန်း က ဝါရှင်တန်နဲ့ မဆလစစ်အစိုးရ အဆင်ပြေခဲ့တာဟာ အကျိုးစီးပွားချင်းသွား တိုက်ဆိုင်နေလို့ဖြစ်ပါတယ်။

အမေရိကန်ကလည်း ဗီယက်နမ်စစ်ပွဲတိုက်နေရတာမို့ ဒီဒေသမှာ ကွန်မြူ နစ်ဆန့်ကျင်သူကို ရှာဖွေနေတာဖြစ်ပြီး ဗိုလ်နေဝင်းကလည်း ဗကပ အမြစ်ဖြတ်ရေး ကို ဖြတ်လေးဖြတ်နဲ့အပြတ်အသတ် လုံးပန်းနေချိန်ဖြစ်ပါတယ်။ ဗိုလ်နေဝင်းက ကွန် မြူနစ်ဆန့်ကျင်တာဟာ သူ့အကျိုးစီးပွားကြောင့်မို့ဖြစ်ပါတယ်။ အမေရိကန်က နားချလို့လုံးဝမဟုတ်ပါဘူး။ ဗမာပြည်ကစစ်အုပ်စုတွေ စစ်အာဏာရှင်တွေဟာ တောင်ဗီယက်နမ်က ငိုဒင်ဇင်၊ အင်ဒိုနီးရှားက ဆူဟာတို၊ ဖိလစ်ပိုင်က မားကို့စ်တို့ လို အမေရိကန်အကူအညီနဲ့ အာဏာရခဲ့တာမဟုတ်သလို အမေရိကန်ရဲ့စီးပွား ရေးဂယက်ထဲမှာ ကိုယ့်အကျိုးစီးပွားတွေကို ပုံထားရသူတွေလည်းမဟုတ်ပါဘူး။

အမေရိကန်ကပြောတိုင်း ရတဲ့လူ မဟုတ်ဘူးဆိုတာ မမေ့ဖို့လိုပါတယ်။

**စာမျက်နှာ ၁၅ သို့**




# သတင်းပြက္ခဒိန်

**နိုဝင်ဘာ ၇၊** MANILA-AP ။ ။ သမတအိုဘားမားသည် နိုဝင်ဘာ ၁၅ စင်္ကာပူ အာဆီယံနှင့်အာရှပစိဖိတ်စီးပွားရေးပူးပေါင်းမှုအစည်းအဝေးတွင် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်သိန်းစိန်နှင့်သီးခြားတွေ့ မတွေ့မသိရသေး။ နအဖဝန်ကြီးချုပ်သည် ပြည်တွင်းတွင်သာ နိုင်ငံခြားအဆင့်မြင့်အရာရှိများနှင့်တွေ့လေ့ရှိ၏။

**နိုဝင်ဘာ ၇၊** TKY-Rtrs ။ ။ ရွေးကောက်ပွဲမတိုင်မီ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးပြီးဖြစ်ရန်အထူးအရေးကြီးကြောင်း နအဖအား ဟတိုးရာမဂျပန်အစိုးရမှတိုက်တွန်း၏။ မြန်မာသည် ဒီမိုကရေစီသို့ခြေလှမ်းမှန်က ဂျပန်သည်ကူညီရန်အသင့်ရှိကြောင့်ဖြင့်လည်း ဂျပန်ရောက်ဝန်ကြီးချုပ်သိန်းစိန်သို့ဆို၏။

**နိုဝင်ဘာ ၇၊** AsiaNews ။ ။ အမေရိကန်၏ မြန်မာခြေလှမ်းများသည် မြန်မာတွင် ပြောင်းလဲမှုဖြစ်စေမှုသိပ်မဖြစ်နိုင်ဟု ဦးတင့်ဆွေမှဆို၏။ နအဖသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကို ပြင်မည်မဟုတ်။ ဒေါ်အောင်ဆန်းစုကြည်သည် ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံနိုင်ခွင့်ရမည်မဟုတ်၊ ထို့အပြင် နအဖသည် မိမိအာဏာမြဲရေး ပိုသေချာအောင်သာလုပ်နေမည်ဟုဆို၏။

**နိုဝင်ဘာ ၈၊** EarthTimes ။ ။ မြန်မာသည် ယခုနှစ် ဆန်တန်ချိန်တသန်း ပြည်ပသို့ရောင်းရန်မျှော်မှန်းကြောင်း။ ၂၀၀၈ ဘဏ္ဍာနှစ်တွင် တန် ၆၇၀,၀၀၀ ရောင်းခဲ့၏။

**နိုဝင်ဘာ ၉၊** XNA ။ ။ မြန်မာသည် နယ်သာလန်မှ လသပနှင့်ပေါင်း၍ ပြင်ဦးလွင်တွင် ကမ္ဘာသို့ဖြန့်မည့် ကွန်ပြူတာပိုရိုဂရမ်ထုတ်လုပ်သည့်စခန်းတည်ထောင်မည်။

**နိုဝင်ဘာ ၉၊** SPR-AP ။ ။ ရွေးကောက်ပွဲတွင်ပါဝင်နိုင်ရန် နအဖ သည် ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးကောင်းလွှတ်ပေးနိုင်ကြောင်း နအဖ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမင်းလွင်မှဆို၏။ သို့သော် ဒေါ်အောင်ဆန်းစုကြည်အား ဝင်ရောက်အရွေးခံခွင့်ပေးမည့် အရိပ်အရောင်မပြသေးကြောင်း။

**နိုဝင်ဘာ ၉၊** RGN-Rtrs ။ ။ အမေရိကန်၏ မြန်မာနှင့်ဆွေးနွေးမှုသည် မြန်မာ့ဒီမိုကရေစီရေးသို့ ပိုမြန်ဆန်စေနိုင်ကြောင်း၊ မိမိအား အမေရိကန်ထိပ်သီးများနှင့်တွေ့ခွင့်ရ၍ နအဖအား ကျေးဇူးတင်ကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်မှ ထူးခြားစွာဆိုကြောင်း။

**နိုဝင်ဘာ ၉၊** NY ။ ။ ရွှေဈေးသမိုင်း အမြင့်ဆုံးသို့တိုးတက်၏။

**နိုဝင်ဘာ ၉၊** XNA ။ ။ ဗိုလ်ချုပ်သန်းရွှေသည် ယခုအပတ်သီရိလင်္ကာသို့ ၃ ရက်တာအလည်သွားမည်။

**နိုဝင်ဘာ ၉၊** Mizzima ။ ။ ကျောက်ဖြူတွင် ပိုက်လိုင်းနေရာများအစိုးရသိမ်းပြီး လျော်ကြေးမပေးသေးကြောင်း ဒေသခံအချို့မှဆို၏။

**နိုဝင်ဘာ ၉၊** Irrawaddy ။ ။ နအဖချေမြန်၂၈၃ တပ်သည် ဘုရားသုံးဆူတွင် လက်နက်အပြည့်ကား ၃ စီးဖြင့်လာကာ KPF ကရင်ငြိမ်းချမ်းရေးအဖွဲ့မှ ခေါင်းဆောင် ဒု ဗိုလ်မှူးကြီးလေးဝ အားဖမ်းဆီးသွားကြောင်း NMSP မွန်အဖွဲ့ မှဆို၏။

**နိုဝင်ဘာ ၉၊** DVB ။ ။ လက်ပတန်းတွင် ဓာတ်ဘူးခိုးမှုဖြင့် ရဲမှရိုက်စစ်သဖြင့် ဝင်းမောင်ဆိုသူသေဆုံးခဲ့ကြောင်း ဒေသခံများမှဆို၏။

**နိုဝင်ဘာ ၁၁၊** DVB ။ ။ အနာဂတ်အကျိုးကမ်းလှမ်းမှုတခု ဒေါ်အောင်ဆန်းစုကြည်နှင့်အဲန်အဲလ်ဒီတို့မှပြုလုပ်မည်ဟု အဖွဲ့ချုပ်မှ မကြာခင်ထုတ်ပြန်မည်ဟုဆို၏။

**နိုဝင်ဘာ ၁၀၊** Mizzima ။ ။ ဒါရိုက်တာကျော်သူဦးစီးသည့် စေတနာ့ဝန်ထမ်းအသုဘလုပ်ငန်းအဖွဲ့အပေါ်အမှုကို အာဏာပိုင်များမှရုပ်သိမ်းလိုက်ကြောင်း။

**နိုဝင်ဘာ ၁၁၊** Mizzima ။ ။ နိုင်ငံခြားကြောက်ရွံ့မုန်းတီးခြင်းသည် အမျိုးသားစိတ်ဓာတ်လည်းမဟုတ်၊ နိုင်ငံချစ်စိတ်လည်းမဟုတ်ကြောင်း အမျိုးသားနေ့တွင် မိမိတို့နှင့် ဆွေးနွေးစဉ် ဒေါ်အောင်ဆန်းစုကြည်မှဆိုကြောင်း ဦးဉာဏ်ဝင်းမှဆို၏။

**နိုဝင်ဘာ ၁၁၊** Mizzima ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် အဲန်အဲလ်ဒီ၏အရေးကြီးသည့်ကြေညာချက်တခု ရှေ့အပတ်တွင်ထုတ်ရန်စီစဉ်ထားကြောင်း ဦးဉာဏ်ဝင်းမှဆို၏။

**နိုဝင်ဘာ ၁၁၊** PEGU ။ ။ ၈၉ နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ကို တောင်ငူတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်စိုးမြင့်နေအိမ်တွင်ကျင်းပခဲ့ကြောင်း။

**နိုဝင်ဘာ ၁၂၊** COLOMBO ။ ။ သီရိလင်္ကာရောက် နအဖဗိုလ်ချုပ်သန်းရွှေသည် ဗိုက်နာ၍ ဆေးရုံမှာအရေးပေါ်ဆရာဝန်ခေါ်ကုခဲ့ရကြောင်း။

**နိုဝင်ဘာ ၁၂၊** MANILA ။ ။ ဒေါ်အောင်ဆန်းစုကြည်အား ရွေးကောက်ပွဲတွင် ဘယ်အကြောင်းကြောင့်ဘဲဖြစ်ဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိကိုရှိသည်ဟု အမေရိကန်နိုင်ငံခြားရေး တာဝန်ခံ Hillary Clinton မှဆို၏။

**နိုဝ်ဘာ ၁၂၊** VOA ။ ။ သမတ အိုဘားမားသော်၎င်း မိမိသော်၎င်း ရှေ့အပတ် APEC ဆွေးနွေးပွဲအတွင်း ဘေးပွဲအဖြစ် နအဖထိပ်သီးများနှင့်တွေ့မည်ဟု ကလင်တန်မှဆို၏။

**နိုဝင်ဘာ ၁၂၊** ABC Radio ။ ။ ဩစတြေးလျားသည် မြန်မာသို့ရွေးကောက်ပွဲဖိအားအောင်မြင်ရေးအတါက် ဆုပေးဒဏ်ပေးအဖြစ် ပိုမိုကူညီရန်စီစဉ်နေ၏။

**နိုဝင်ဘာ ၁၂၊** DVB ။ ။ ကာလကတ္တားတွင် အကျဉ်းကျနေသူရခိုင်နှင့် ကရင် ၃၄ ဦးကို အိန္ဒိယရှိ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှ ဒုက္ခသည်များအဖြစ်လက်ခံခဲ့၏။

**နိုဝင်ဘာ ၁၂၊** DVB ။ ။ သီရိလင်္ကာရှိစာသင်သံဃာရာချီရှိရာ ဗိုလ်ချုပ်သန်းရွှေအစရှိသည့် ဗိုလ်များလှူခဲ့လျှင် လက်မခံ ၂၀၀၇ မှစခဲ့သည့်ကံဆောင်မှုသည် ဆက်လက်အတည်ရှိနေမည်ဟု တာဝန်ခံဆရာတော်ဦးဩဘာသမှဆို၏။ တာမီးလ်သူပုန်များကို သီရိလင်္ကာအစိုးရမှနှိမ်နင်းမှုကို အားပေးရန်ခရီးစဉ်ဖြစ်နိုင်၏ဟုလည်းဆို၏။

**နိုဝင်ဘာ ၁၂၊** DVB ။ ။ နအဖနှင့် ဒီကေဘီအေတပ်များပူးပေါင်းတိုက်ခိုက်၍ ထိုင်းဖက်သို့ပြေးခဲ့သူ ဒုက္ခသည်များအား ထိုင်းဖက်အာဏာပိုင်အချို့မှ မိမိတို့ဒေသသို့ပြန်ရန် ဒုက္ခသည်များအား ဖိအားပေးနေကြောင်း။

**နိုဝင်ဘာ ၁၂၊** DVB ။ ။ ကလေးမြို့ သာယာဝတီကျေးရွာတွင် ခရိယန်စာသင်ကျောင်းဖျက်ဆီးခံနေရမှုကို သိသော်လည်း အာဏာပိုင်များမှ အရေးမယူသေး။

**နိုဝင်ဘာ နိုဝင်ဘာ ၁၂၊** Radio Australia ။ ။ အမေရိကန်သည် မြန်မာအရေးတွင် မျှော်လင့်ချက်တဆင့်လျော့ကာ အမျိုးသားရင်ကြားစေ့ ဆွေးနွေးရေးကို ဦးတည်ကျင့်သုံးသည့် ခြေလှမ်းဖြစ်ကြောင်း Stanford တက္ကသိုလ်မှ အရှေ့တောင်အာရှ ဒါရိုက်တာ Don Emerson မှဆို၏။

**နိုဝင်ဘာ ၁၂၊** Irrawaddy ။ ။ ဗိုလ်ချုပ်တင်အောင်မြင့်ဦးသည် ရာထူးမှ နုတ်ထွက်သွားကြောင်း။

**နိုဝင်ဘာ ၁၃၊** Mizzima ။ ။ အထက်တရားရုံးသည် ဒေါ်အောင်ဆန်းစုကြည်၏ ထောင် ၁၈ လချအမှုတွင် အောက်ရုံးဆုံးဖြတ်ချက် ပြန်လည်ဆန်းစစ်ရေး revision case အား ကြားနာရန်လက်ခံကြောင်း သူမ၏ရှေ့နေများမှဆို၏။

**နိုဝင်ဘာ ၁၃၊** Mizzima ။ ။ မြန်မာကျပ်၏ မှောင်ခိုဈေးနှုန်းသည် စံချိန်ချိုးကာ တဒေါ်လာလျှင် ကျပ်တထောင် မပြည့်တပြည့်တွင် တင်းခံနေ၏။

**နိုဝင်ဘာ ၁၃၊** Chinland Guardian ။ ။ နအဖ ရဲချုပ်ဗိုလ်ချုပ်ခင်ရီအား သာသနာရေးဒုဝန်ကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်ကြောင်း။

**စာမျက်နှာ ၁၃ သို့**

# မကြာခင် လက်ကိုင်ဖုန်းအားလုံး ကြိုတင်ငွေပေးစနစ် သုံးတော့မည်

**DVB ၊ နိုဝင်ဘာ ၉ ။** ။ လာမယ့်နှစ်မှာ မြန်မာနိုင်ငံမှာ သုံးစွဲနေတဲ့ လက်ကိုင်တယ်လီဖုန်းတွေအားလုံး ပရီပိတ်ဒ်ကတ်စနစ် (ခေါ်) ကြိုတင်ငွေပေးစနစ်နဲ့ စတင်တော့မယ်လို့ ဆက်သွယ်ရေး၊ စာတိုက်နဲ့ ကြေးနန်းဝန်ကြီးဌာန တာဝန်ရှိသူတဦးက ပြောပါတယ်။

တယ်လီဖုန်းအခွန် မဆောင်လို့ လိုင်းပိတ်သွားတာမျိုး၊ ဖုန်းခ လစဉ်ကြေးပေးဆောင်ရမယ့်ကိစ္စမျိုးတွေ ပြဿနာနည်းသွားအောင် ပရီပိတ်ဒ်ကတ် စနစ်နဲ့ သွားဖို့ လုပ်နေတာဖြစ်တယ်လို့ အဲဒီ တာဝန်ရှိသူက ပြောပါတယ်။

“အဲ့ဒီ ပြဿနာလေးတွေ နည်းနည်း လျော့သွားမှာပေ့ါ။ ကြိုတင်ငွေပေးဆိုရင် ဖြတ်ထားတဲ့ ပိုက်ဆံကုန်ရင် လိုင်းပြတ်မှာလေ။ ကပ်စတမ်မာ သူ့ဟာသူ သိနေတာပေ့ါ။”

ဘယ်တော့ စတင်နိုင်မယ်ဆိုတဲ့ ညွှန်ကြားချက် မလာသေးဘူးလို့ သူက ပြောပါတယ်။ ပြည်တွင်းက ရန်ကုန်တိုင်းဂျာနယ်မှာ ဒီအစီအစဉ်ကို ၂၀၁၀ ဆန်းပိုင်းမှာ စတင်မယ်လို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း သတင်းအချက်အလက်နဲ့ နည်းပညာဌာန တာဝန်ရှိသူတဦးအပြောကို ကိုးကားရေးထားပါတယ်၊ ဒီသတင်းမထွက်ပေါ်ခင် မိုဘိုင်းဖုန်းပိတ်ထားတဲ့ နေပြည်တော်မှာ လွန်ခဲ့တဲ့ အောက်တိုဘာလကုန်ပိုင်းက ကမ်းရိုးတန်းသုံးဖုန်းတွေ စတင်သုံးခွင့်ပေးခဲ့သလို သီတင်းပတ် အနည်းငယ်အကြာမှာ ဂျီအက်စ်အမ်ဖုန်းတွေ သုံးခွင့်ပေးခဲ့ပါတယ်။ မြန်မာပြည်မှာ ဂျီအက်စ်အမ် တယ်လီဖုန်းသွင်းခွင့်ကို စစ်ဗိုလ်ချုပ်ကြီးတွေနဲ့နီးစပ်တဲ့ ထူးကုမ္ပဏီက သွင်းခွင့်ရပါတယ်။

ပြည်ပနိုင်ငံတွေမှာ လမ်းဘေးမှာ ကန်စွန်းရွက်ရောင်းသူ၊ မုန့်လာဥရောင်းသူတွေက တဦးကို တယ်လီဖုန်း ၂ လုံး၊ ၃ လုံး ဝယ်ကိုင်နိုင်နေချိန်မှာ မြန်မာနိုင်ငံက ဂျီအက်စ်အမ် တယ်လီဖုန်းတလုံး ငှားရမ်းသုံးစွဲခွင့်ဟာ သိန်း ၂၀ ဝန်းကျင်ကနေ မဆင်းသေးတာကြောင့် အများစုဟာ ဖုန်းကိုင်ဖို့ အိပ်မက်မမက်နိုင်ဖြစ်နေကြဆဲဖြစ်သလို လက်ကိုင်ဖုန်းကိုင်နိုင်တာဟာလည်း ဖက်ရှင်တမျိုးလို ဖြစ်နေပါတယ်။ ဂျီအက်စ်အမ်၊ စီဒီအမ်အေ၊ စီဒီအမ်အေ ၄၅၀ နဲ့ ဆယ်လူလာဖုန်းပြည်ပကနေ သွင်းခွင့်ပါမစ်တွေဟာလည်း စစ်ဗိုလ်ချုပ်ကြီးတွေနဲ့နီးစပ်တဲ့ ကုမ္ပဏီတွေကိုသာ ချပေးနေတာ ကြာပါပြီ။ ကြိုတင် ငွေပေးစနစ်သုံး ပရီပိတ်ဒ်ကတ်စနစ်ဟာလည်း သူတို့တတွေကိုသာ ချထားပေးပါတယ်။ ပရီပိတ်ဒ်ကတ်စနစ်သုံးမယ့်အပေါ် ပြည်တွင်းက လက်ကိုင်ဖုန်းဆိုင်ရှင်တဦးက သူ့အမြင်ကို ပြောပါတယ်။

“ကျနော်တို့ဆီမှာ အခုထွက်နေတဲ့ ၂ သောင်းနဲ့ ၂၀ တန်ကဒ်နဲ့ ၅၀ တန် ပရီပိတ်ဒ်ကတ်တွေကို ကျနော်တို့တော့ မရောင်းဘူး။ သူတို့က အတည်တကျချပေးတာမဟုတ်ဘူး၊ ဆိုင်သမားတွေကို အေဂျင့်ပေးတာ မဟုတ်ဘူးဆိုတော့ မရောင်းဘူး။ ဆိုင်သမားတွေကိုချပေးသွားမှ တရားဝင်ဖြစ်မှာလေ။ အေးဂျင့်မပေးတဲ့အပေါ်မှာ ဒါတရားဝင်မဟုတ်တော့ ကျနော်တို့ ရှုပ်ရှုပ်ယှက်ယှက် မလုပ်ဘူး။ အေးရာအေးကြောင်းပဲ၊ အေးအေးဆေးဆေး နေတယ်။”

လူဦးရေ သန်းခြောက်ဆယ်နားကပ်နေတဲ့ မြန်မာပြည်မှာ လက်ကိုင်ဖုန်းအရေအတွက် ၆ သိန်းဝန်းကျင်သာရှိနေသေးပြီး တခြားနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် ဈေးတအားမြင့်နေပါတယ်။ ပရီပိတ်ဒ်ကတ်သုံးမယ့် အစိုးရရဲ့ အစီအစဉ်အပေါ် လက်ကိုင်ဖုန်း သုံးစွဲသူတဦးက ပြောပါတယ်။

“ပရီပိတ်ဒ်ကတ်နဲ့ သွားတယ်ဆိုရင် လစ်မစ်တေးရှင်းတော့ မရှိဘူးပေ့ါ။ ဒါပေမယ့် အားလုံး ဈေးသက်သက်သာသာနဲ့ ရမယ်ဆိုရင်တော့ ကောင်းတာပေ့ါ။ ဆက်သွယ်မှုတွေ ကောင်းလာရင် အားလုံးတိုးတက်သွားမှာပေ့ါ။ သူများနိုင်ငံမှာ ၄ သောင်း ၇ သောင်းလောက်ရရင် မိုဘိုင်းဖုန်းကိုင်လို့ရနေတာ ကျနော်တို့ဆီမှာ သိန်း ၂၀ လောက်ရှိမှ ဖုန်းကိုယ်ပိုင်ရတယ်ဆိုတာ သိပ်တော့မဟုတ်ဘူးပေ့ါ။”

ပရီပိတ်ဒ်ကတ်တွေ စတင်သုံးစဉ်က လိုင်းကျပ်ပြီး အသံမကြည်တာတွေ၊ လိုင်းကျသွားတာမျိုးတွေ ကြုံကြရပါတယ်။ နိုင်ငံတဝန်း လက်ကိုင်ဖုန်းအားလုံးကို ပရီပိဒ်ကတ်စနစ်နဲ့ သွားတဲ့စနစ်ဟာ မဟာမဲခေါင် သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးအမြန်ဆက်ကြောင်း တည်ဆောက်ရေးစီမံကိန်းရဲ့ တစိတ်အပိုင်းဖြစ်တယ်လို့ ယူဆဖွယ်ရှိပါတယ်။ အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ အစီအစဉ်နဲ့ စတင်တဲ့ မဟာမဲခေါင်မြစ်ဝှမ်းဒေသခြောက်နိုင်ငံက မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတွေ ဖြစ်ပါတယ်။

# ဒေါ်စုကို လွှတ်ပေးရန် ဂျပန်တောင်းဆို

**DVB ၊ နိုဝင်ဘာ ၉ ။** ။ တိုကျိုကလာတဲ့ နောက်ဆုံးသတင်းတွေအရ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို လာမယ့်ရွေးကောက်ပွဲကာလ မတိုင်မီ အကျဉ်းချထားရာကနေလွှတ်ဖို့ နအဖဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး သိန်းစိန်ကို ဂျပန်ဝန်ကြီးချုပ်က တိုက်တွန်းလိုက်တယ်လို့ သိရပါတယ်။

မနေ့ညနေနှောင်းပိုင်း ဂျပန်–မဲခေါင် ထိပ်သီးအစည်းအဝေးအပြီး နအဖဝန်ကြီးချုပ်နဲ့ သီးခြားတွေ့ဆုံရာမှာ ဂျပန်ဝန်ကြီးချုပ် ယူကီယို ဟာတိုယာမက တောင်းဆိုလိုက်တယ်လို့ ဂျပန်အရာရှိတဦးကို ကိုးကားပြီး ကျိုဒိုသတင်းမှာ ဖော်ပြထားပါတယ်။

“၂၀၁၀ ရွေးကောက်ပွဲ မတိုင်မီမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးဖို့ အလွန်အရေးကြီးပါတယ်” လို့ ဂျပန်ဝန်ကြီးချုပ်က ပြောကြားပါတယ်။ အဲဒီရွေးကောက်ပွဲမှာ ပါဝင်သင့် ပါဝင်ထိုက်သူတွေကို ခွင့်ပြုမယ်ဆိုရင် ဂျပန်အစိုးရကလည်း မြန်မာပြည်ကို ဘက်စုံအကူအညီတွေ တိုးမြှင့်ပေးသွားမယ်လို့ ဝန်ကြီးချုပ် ဟာတိုယာမက ပြောကြားသွားပါတယ်။

# ဆရာ ဦးမင်းနွယ်ဆွေ ကွယ်လွန်

**DVB ၊ နိုဝင်ဘာ ၉ ။** ။ မနေ့က ရန်ကုန်ဆေးရုံကြီးမှာ ကွယ်လွန်သွားတဲ့ သတင်းစာဆရာ ဦးမင်းနွယ်ဆွေရဲ့ ဈာပနအခမ်းအနားကို သားဖြစ်သူ မြစ်ကြီးနားထောင်က နိုင်ငံရေးအကျဉ်းသား ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမြတ်စံ လာရောက်ခွင့် ရမယ်မထင်ဘူးလို့ မိသားစုက ပြောပါတယ်။

သုံးရောင်ခြယ်ကျောင်းသားများအဖွဲ့ ခေါင်းဆောင်လည်းဖြစ် ၈၈ မျိုးဆက်ကျောင်းသားလည်းဖြစ်တဲ့ ကိုမြတ်စံကို သူ့ဖခင် မဆုံးပါးခင် အသည်းအသန်ဖြစ်နေချိန်ကတည်းက ထောင်ကို သံကြိုးရိုက် အကြောင်းကြားခဲ့သလို ဆုံးပါးချိန်မှာလည်း မြစ်ကြီးနားထောင်ကို ဖုန်းဆက်အကြောင်းကြားခဲ့တယ်လို့ ညီမဖြစ်သူ မသူဇာက ပြောပါတယ်။

“မောင်နှမတွေအကုန်လုံး တိုင်တိုင်ပင်ပင်နဲ့ လုပ်နေပါတယ်၊ အသည်းအသန်ဖြစ်နေတယ်၊ ဆေးရုံတင်ထားတယ်ဆိုပြီး ရေးတာ။ ရေးပြီး ၂ ရက်နေမှ ဆုံးတာ။ ဆုံးတော့ မနေ့က ထောင်ပိုင်ကြီးဆီကို ဖုန်းဆက်ပြီး ကိုမြတ်စံကို အကြောင်းကြားပေးပါလို့ ပြောလိုက်တယ်။”

ကိုမြတ်စံကို မြစ်ကြီးနားထောင်ပြောင်းလိုက်ချိန်မှာ ဖခင်ဖြစ်သူ ဦးမင်းနွယ်ဆွေက စပြီးကျန်းမာရေးမကောင်းချိန်နဲ့ တိုက်ဆိုင်နေတာမို့ ကိုမြတ်စံကို မိသားစုက အခုအထိသွားမတွေ့နိုင်ကြပါဘူး။ ဖခင်ဖြစ်သူက မဆုံးပါးခင်မှာ သားဖြစ်သူ ကိုမြတ်စံကို တွေ့ချင်တဲ့ဆန္ဒရှိတယ်လို့လည်းပြောပါတယ်။ ဦးမင်းနွယ်ဆွေ နာရေးကို အနုပညာအသိုင်းအဝိုင်းက ဦးဘိုကလေးတင့်အောင်၊ နိုင်ငံရေးအသိုင်းအဝိုင်းက NLD အဖွဲ့ဝင်တွေနဲ့ ၈၈ မျိုးဆက်ကျောင်းသားတွေ လာရောက်မေးမြန်းကြတယ်လို့လည်း မိသားစုက ပြောပါတယ်။

ဦးမင်းနွယ်ဆွေဟာ အိုးဝေဂျာနယ်နဲ့ကြေးမုံသတင်းစာတွေမှာ ဆောင်းပါးတွေ ရေးသားခဲ့သူ သတင်းစာဆရာတဦးဖြစ်သလို ပန်းဘဲတန်းမြို့နယ် စာနယ်ဇင်းအဖွဲ့ရဲ့ နာယက အဖွဲ့ဝင်တဦးလည်း ဖြစ်ပါတယ်။ ဇနီးဖြစ်သူက ဆိုဗီယက်ပြန် အကနည်းပြ ဆရာမကြီးဒေါ်ဝင်းဝင်းဝါဖြစ်ပြီး သားဖြစ်သူ ကိုမြတ်စံနဲ့ ကိုစိုးနိုင်တို့က နိုင်ငံရေးအကျဉ်းသား ကျောင်းသားခေါင်းဆောင်တွေဖြစ်ပါတယ်။ ဦးမင်းနွယ်ဆွေရဲ့ဈာပနကို မနက်ဖြန် ညနေ ၄ နာရီ ရေဝေးသုသာန်မှာ ကျင်းပမီးသင်္ဂြိုဟ်မှာဖြစ်ပြီး နာရေးကူညီမှုအသင်းက တာဝန်ယူမှာဖြစ်ပါတယ်။



# သတင်းတိုထွေါဖတ်စရာက

ကျော်စံကြွေး

## နိုင်ငံခြားသားမုန်းတီးရေးနှင့် မျိုးချစ်စိတ်

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံခြားသားကို မုန်းတီးကြောက်ရွံ့စိတ်ဟာ မျိုးချစ်စိတ်မဟုတ် အမျိုးသားရေးဝါဒမဟုတ်ဘူးလို့ပြောဆိုလိုက်ပါတယ်၊ အမျိုးသားရေးဝါဒဆိုတာ ကိုယ့်နိုင်ငံသားတွေကိုကောင်းစားစေဖို့၊ ကိုယ့်နိုင်ငံသားတွေအပေါ် မေတ္တာစေနာထားးတာမျိုးဖြစ်တယ်၊ ဒါပေမဲ့ တခြားလူမျိုးတွေကို ထိခိုက်နစ်နာစေတာမျိုးတွေမဖြစ်သင့်ဘူးလို့ ပြောဆိုတဲ့အကြောင်း အဲန်အဲလ်ဒီပြောရေးဆိုခွင့်ရှိသူတဦးဖြစ်တဲ့ ရှေ့နေ ဦးဉာဏ်ဝင်းက ပြန်ပြောပြပါတယ်။ **(MIZZIMA, 11.11.2009)**

## ၂၀၀၈ အခြေခံဥပဒကို ပြင်ဆင်မည်မဟုတ်

အမျိုးသားနေ့နှစ်ပတ်လည်အထိမ်းအမှတ်နေ့မှာ နအဖအကြီးအကဲ ဗိုလ်ချုပ်သန်းရွှေရဲ့အမှာစကားကို နအဖသတင်းစာထဲမှာဖော်ပြထားပါတယ်။ အဲဒီအထဲမှာ ကိုလိုနီလက်သစ်နယ်ချဲ့ဝါဒကို ပြစ်တင်ဝေဖန်ထားပြီး၊ သူတို့တတွေဟာ မြန်မာပြည်ရဲ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်တယ်လို့ ဆိုထားပါတယ်၊ အဲဒါအပြင် ၂၀၁၀ ရွေးကောက်ပွဲကို ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီကျင်းပသွားမှာဖြစ်တယ်လို့ပြောဆိုထားတဲ့အတွက် ဒီမိုကရေစီအင်အားစုတွေရဲ့ တောင်းဆိုနေတဲ့ ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ရေးဆိုတာကို နအဖက လက်မခံဘူးဆိုတာရှင်းရှင်းလင်းလင်းပြသနေပါတယ်။ **(THE STRAITS TIMES, 12.11.2009)**

## တရားရုံးချုပ်ဆီသို့

ဒေါ်အောင်ဆန်းစုကြည်ဟာ သူမကို ဖမ်းဆီးထိန်းသိမ်းထားတာဟာ ၁၉၇၄ အခြေခံဥပဒေလည်း ပျက်ပြားနေပြီဖြစ်တာမို့ အခြေခံဥပဒေနဲ့ညီညွတ်ခြင်းမရှိတာကိုအကြောင်းပြပြီး တရားရုံးချုပ်ကို အယူခံဝင်လိုက်ပြီလို့ သိရပါတယ်။ ဒေါ်စုရဲ့ရှေ့နေတွေက အယူခံလွှာကိုတင်သွင်းလိုက်ပြီဖြစ်ကြောင်းနဲ့ အဲဒီအယူခံကို ဘယ်တော့ ကြားနာမလဲဆိုတာကိုတော့ မသိရသေးဘူးလို့ ပြောပါတယ်။ တရားဥပဒေစိုးမိုးမှုမရှိတဲ့မြန်မာနိုင်ငံမှာ အဲန်အဲလ်ဒီဟာ ဥပဒေနည်းလမ်းတွေနဲ့ အညီလုပ်ကိုင်နေဆဲဖြစ်ပါတယ်။ **(AFP, 13.11.2009)**

## အိန္ဒိယပေါ်လစီပြောင်းပါ

နယူးယောက်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကြီးက အိန္ဒိယအနေနဲ့ မြန်မာပြည်အပေါ်ထားတဲ့ သူ့ရဲ့ပေါ်လစီကိုပြောင်းဖို့ တိုက်တွန်းလိုက်ပါတယ်၊ ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံအနေနဲ့ စစ်အစိုးရနဲ့အလွှမ်းသင့်အောင်ဆက်ဆံရေးတိုးချဲ့တာမျိုးထက် စစ်မှန်တဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်လာအောင်နဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေလွှတ်လာအောင် တွန်းအားပေးတာမျိုးတွေလုပ်သင့်တယ်လို့ ဆိုလိုက်ပါတယ်၊ **(MIZZIMA, 12.11.2009)**

## သီရိလင်္ကာအတိုက်အခံခေါင်းဆောင်ကန့်ကွက်မှု

သီရိလင်္ကာအစိုးရက မြန်မာစစ်ခေါင်းဆောင်ဗိုလ်ချုပ်သန်းရွှေလာရောက်လည်ပတ်တာကို ခမ်းခမ်းနားနားကြိုဆိုပြီး နွေးထွေးတဲ့ဆက်ဆံရေးထူထောင်နေတာတွေကို ပြစ်တင်ဝေဖန်လိုက်ပါတယ်။ အတိုက်အခံခေါင်းဆောင် ဆာမာရာဝီရာက မြန်မာပြည်သူတွေကို ဘေးဒုက္ခရောက်စေတဲ့လမ်းကို တွန်းပို့နေချိန်မှာ သီရိလင်္ကာအစိုးရက ဗိုလ်ချုပ်သန်းရွှေက ဗုဒ္ဓစွယ်တော်ကို ဖူးလို့ရအောင်ပြင်ဆင်လုပ်ကိုင်ပေးနေတယ်၊ ၂၀၀၇ ခုနှစ်မှာ သံဃာတွေကို နှိပ်ကွပ် သတ်ဖြတ်တာတွေလုပ်ခဲ့တဲ့သူတွေကို လက်ရှ သီရိလင်္ကာအစိုးရကပေါင်းဖက်နေတာတွေကို ပြောဆိုဝေဖန်လိုက်ပါတယ်။ **(DAILY MIRROR, 12.11.2009)**

## ဆက်ဆံရေးကောင်းဖို့ ကန့်သတ်ချက်အသစ်မရှိ

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က နအဖစစ်အုပ်စုနဲ့ဆက်ဆံရေးတိုးတက်ကောင်းမွန်လာစေဖို့အတွက် အမေရိကန်ဟာ မြန်မာနိုင်ငံအပေါ် အခြေအနေသစ်တွေကိုသတ်မှတ်မှာမဟုတ်ဘူးလို့ ပြောဆိုလိုက်ပါတယ်။ ဒါပေမယ့်လည်း တည်ရှိနေတဲ့ပြစ်ဒဏ်ခတ်အရေးယူမှုတွေကတော့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေးတိုးတက်မှုတွေဖြစ်ထွန်းမှသာ ဖယ်ရှားမှာဖြစ်တယ် လို့စင်္ကာပူမှာ ပြောဆိုလိုက်ပါတယ်။ အေပက်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအ ဝေးမှာ တရုတ်၊ အိန္ဒိယနဲ့အာဆီယံနိုင်ငံတွေဟာ မြန်မာပြည်ဒီမိုကရေစီပြုပြင် ပြောင်းလာစေဖို့ ပိုမိုပါဝင်လုပ်ဆောင်ရမယ်လို့ ဆိုသွားပါတယ်။ **(AP, 11.11. 2009)**

## နယ်ခြားစောင့်တပ်ဖွဲ့သစ်

နအဖနဲ့အပစ်အခတ်ရပ်စဲထားတဲ့ ကချင်နဲ့ ကယားတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တချို့ဟာ နယ်ခြားစောင့်တပ်ဖွဲ့အဖြစ်နဲ့ အသွင်ပြောင်းလိုက်တာကိုခံလိုက်ပါပြီ၊ နအဖရဲ့သတင်းစာတွေထဲမှာ နအဖစစ်အရာရှိတွေက တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ဝင်တချို့ကို ရာထူးအမှတ်တံဆိပ်တွေတပ်ပေးနေတဲ့ ပုံတွေကိုဖော်ပြပြီး ငြိမ်းချမ်းတဲ့ရွေးကောက်ပွဲဖြစ်လာစေဖို့ အရေးပါတဲ့ခြေလှမ်းတလှမ်းကို လှမ်းလိုက်ခြင်းပဲဖြစ်တယ်လို့ ရေးသားဖော်ပြထားပါတယ်။ မြန်မာပြည်ထဲမှာတော့ နွားက နွားကိုနားဖါးကြိုးထိုးခြင်းလို့ ပြောဆိုနေတယ်လို့ သိရပါတယ်။ **(EARTH TIMES, VOB, 11.11.2009)**

## အကူအညီပေးရန်စဉ်းစားနေတဲ့ဩစတြေးလျား

အေပက်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမှာ အမေရိကန်က မြန်မာပြည်မှာဒီမိုကရေစီကျတဲ့ရွေးကောက်ပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းဖိအားပေးကြဖို့ပြောဆိုနေချိန်မှာ ဩစတြေးလျားနိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအထောက်အကူတွေပေးဖို့စဉ်းစားနေပါတယ်လို့ ပြောဆိုလိုက်ပါတယ်။ လက်ရှိပေးနေတဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီအဆင့်ထက်ကျော်လွန်ပြီး ပေးဖို့စီစဉ်တာဖြစ်ပါတယ်။ မြန်မာအကဲခတ်တဦး က နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ဆုပေး ဒဏ်ပေးစနစ်ကို ကျင့်သုံးတဲ့သဘောမျိုးလို့ တွက်ဆလို့ရပေမဲ့လည်း သိသာထင်ရှားတဲ့ရလဒ်မမြင်ရပဲ အကူအညီပေးလို့ကတော့ သဲထဲရေသွန်သလိုဖြစ်သွားမယ်လို့ ဆိုပါတယ်။ **(RADIO AUSTALIA, VOB, 13.11.2009)**

# ထောင်ကျခံ တောင်သူများ၏ သီးနှံများကို ဆွတ်ခူးနေတာ တားပေးရန် စာတင်

**DVB၊ နိုဝင်ဘာ ၁၀။** ။ ILO ခွင့်ပြုချက်နဲ့ မြေယာတွေမှာ လုပ်ကိုင်ရင်း ထောင်ကျသွားတဲ့ အောင်လံမြို့နယ်က တောင်သူတွေရဲ့ သီးနှံတွေကို ကြံစိုက်ဝန်ထမ်းမိသားစုက ဝင်ရောက်ဆွတ်ခူးနေတာကို တားဆီးပေးဖို့ ကြံတောင်သူမိသားစုဝင်တွေက စာရေးတောင်းဆိုလိုက်ပါတယ်။

ဒီလ ၅ ရက်နေ့က မြို့နယ်အာဏာပိုင်၊ နေပြည်တော်နဲ့ ရန်ကုန်ရှိ ILO တိုင်စာကို ပေးပို့ထားတာဖြစ်ပါတယ်။ ထောင်ကျအောင် အမှုလုပ်ခဲ့တဲ့ ကြံစိုက်ဌာနကဝန်ထမ်း ဦးဉာဏ်ရှိန်တို့ မိသားစုက ဆွတ်ခူးချိန်ရောက်နေတဲ့ တောင်သူမအေးဝင်းရဲ့သီးနှံတွေကို ဒီလ ၄ ရက်နေ့က ဝင်ရောက် ဆွတ်ခူးခဲ့တဲ့အပြင် သီးနှံတွေကို ဖျက်ဆီးပစ်နေတယ်လို့ မိသားစုဝင်တဦးက ပြောပါတယ်။

“၅ ရက် ၁၀ လ ၂၀၀၉ နေ့မှာ မယကကို ဒီကိစ္စနဲ့ပတ်သက်ပြီး ထောင်ကျခံတောင်သူတွေရဲ့အကွက်တွေဖြစ်လို့ ဒီသီးနှံတွေကို ထောင်ကျခံ တောင်သူများသာ ပိုင်ဆိုင်ခွင့်ရှိကြောင်း မယကနဲ့ဌာနဆိုင်ရာတွေအားလုံး ILO အပါအဝင် နေပြည်တော်ကို ကျနော်တို့ တားစာတွေ ပေးပို့ခဲ့တယ်။ ၇ ရက် ၁၁ လ ၂၀၀၉ နေ့က ထပ်ပြီးတော့ ကြံဌာန သကြားစက်ဝန်ထမ်းကိုဉာဏ်ရှိန်မိသားစုက မအေးအေးဝင်းအကွက်ထဲကို အဓမ္မဝင်ရောက်ပြီး ဖျက်ဆီးရုံတင်မကဘူး၊ ပဲတီစိမ်းပင်တွေကို နှုတ်ပစ်တာ အကုန်ပြောင်ပြီ။ စားစရာသောက်စရာ ဘာမှမရှိတော့ဘူး။ မိသားစုလည်း ဆင်းရဲဒုက္ခတော်တော်ရောက်နေပြီ။”

တောင်သူတွေရဲ့ သီးနှံတွေကို ဆွတ်ခူးသိမ်းယူတဲ့ အာဏာပိုင်တွေကိုလည်း ပြန်လည်တရားစွဲမယ်လို့ တောင်သူမိသားစုဝင်တွေက ပြောပါတယ်။ ဥပဒေကြောင်းအရဆိုရင်လည်း အာဏာပိုင်တွေအနေနဲ့ သီးနှံတွေကို သိမ်းယူခွင့်မရှိဘူးလို့ ရန်ကုန်မြို့က လိုင်စင်အသိမ်းခံထားရတဲ့ ဦးအောင်သိန်းက ပြောပါတယ်။

“ကျူးကျော်တယ်လို့ သတ်မှတ်ခံရတဲ့ သူတွေကို အရေးယူပြီးတဲ့နောက် အဲဒီကျူးကျော်သူတွေ ပြုလုပ်ထားတဲ့ ပစ္စည်းအားလုံးကို သီးနှံတရာသီအထိ စောင့်ပေးရမှာပဲ။ အဲဒီ တရာသီအထိ သီးနှံကို တရားလိုလုပ်တဲ့လူက ရိတ်သိမ်းပြီး ခူးယူတယ်ဆိုတာ ဘယ်တရားဥပဒေကမှ ခွင့်ပြုထားတာ မရှိပါဘူး။ အာဏာပိုင်အဖွဲ့အစည်းရဲ့ ခွင့်ပြုချက်တွေနဲ့၊ နားလည်မှုတွေနဲ့ ကြည့်လုပ်နေတဲ့ ပုံစံမျိုးနဲ့ လုပ်တော့ ဒီဟာကို အထက်ကို ပေါက်ရောက်အောင်ပြောဆိုနိုင်မယ့် လူတွေပေါ်ပေါက်လာရင်တော့ ဒါတွေဟာ တဖြည်းဖြည်း ဖြေရှင်းသွားနိုင်မယ့် ကိစ္စရပ်တွေဖြစ်ပေါ်လာနိုင်ပါလိမ့်မယ်။”

စမ်းတောင် ၃၉ စီကွင်းဟာ ဧက ၁၀၀ ကျော်ရှိပြီး စမ်းကလေးကျောင်းစုရွာက ဦးသန်းစိုးအပါအဝင် လယ်သမား ၁၃ ဦးပိုင်မြေယာတွေ ဖြစ်ပါတယ်။ အဲဒီ မြေယာပေါ်မှာ ဘိုးဘွားစဉ်ဆက် ပဲတီစိမ်း၊ ပဲစဉ်းငုံနဲ့ဝါတွေ စိုက်ပျိုးနေတာပါ။ ၂၀၀၇ မှာ အမှတ် ၅ နဲ့ ဖ သကြားစက် ကြံစိုက်ရေးပျိုးရေးဌာနက အဓမ္မကြံစိုက်ခိုင်းခဲ့တာဖြစ်ပြီး အဲဒီမြေယာပေါ်မှာ ကြံစိုက်လို့မရကြောင်း ပြောတာကို ငြင်းဆန်လို့ဆိုပြီး သကြားစက်က မြေယာသိမ်းခဲ့ပါတယ်။ ၂၀၀၈ မေမှာ ILO ကို တိုင်ကြားခဲ့လို့ လုပ်ခွင့်ပြန်ရပေမယ့် ယာပြန်လုပ်တဲ့သူတွေကို မြေကျော်နင်းမှု၊ အကျိုးစီးပွားဖျက်ဆီးမှုတွေနဲ့ တရားစွဲပြီး ထောင်ဒဏ် ၃ လ ကနေ ၅ နှစ်အထိ ချလိုက်ပြီးတော့ သရက်မြို့ အကျဉ်းထောင်ဆီ ပို့လိုက်ထားပါတယ်။

# နော်အုန်းလှ အမှုတွဲ ကြားနာစစ်ဆေး

**DVB၊ နိုဝင်ဘာ ၉။** ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးလှုပ်ရှားမှုကြောင့် အဖမ်းခံနေရတဲ့ အင်္ဂါဘုရားဖူးအဖွဲ့ဝင် နော်အုန်းလှအပါအဝင် အဖွဲ့ချုပ်ဝင်အမျိုးသမီး ၄ ဦးအမှုကို ဒီနေ့အင်းစိန်ထောင်တွင်း သီးသန့်တရားရုံးမှာ ကြားနာစစ်ဆေးခဲ့တယ်လို့ သူတို့ရှေ့နေဦးကျော်ဟိုးက ပြောပါတယ်။

နော်အုန်းလှ၊ မချိုချိုအေး၊ မချိုချိုလွင်နဲ့ မစန်းစန်းမြင့် တို့ ၄ ဦးကို သီတင်းကျွတ်လပြည့်နေ့က ဘုန်းကြီးကျောင်းတကျောင်းက ဆွမ်းကပ်ပြီး အပြန်မှာ အာဏာပိုင်တွေက ဖမ်းဆီးသွားတာဖြစ်ပါတယ်။ အဲဒီနောက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုကို ပျက်ပြားစေမှုပုဒ်မ ၅၀၅–ခ နဲ့ တရားစွဲပြီး အရှေ့ပိုင်းခရိုင်တရားသူကြီး ဦးအောင်သိန်းက စစ်ဆေးနေတာဖြစ်ပါတယ်။ ဒီနေ့မှာ ပစ္စည်းသိမ်းတဲ့ ရဲအရာရှိတဦးနဲ့ တခြားသက်သေ ၂ ဦးကို စစ်ဆေးတယ်လို့ ဦးကျော်ဟိုးက ပြောပါတယ်။ နော်အုန်းလှတို့ ၄ ဦးအမှု အခြေအနေကို ရှေ့နေဦးကျော်ဟိုးက ပြောပါတယ်။

“သူတို့စွပ်စွဲတာက နော်အုန်းလှတို့ဆီမှာ ကမဝါစာ စာရွက်မိတယ်ဆိုပြီး တရားစွဲထားတာပေါ့၊ ဒါနဲ့ပတ်သက်လို့သက်သေထွက်ချက်အရ နော်အုန်းလှဆီက တွေ့တယ်ပေါ့၊ ကျန်တဲ့ ၃ ယောက်ဆီမှာ စာရွက်တွေ၊ ဘာပစ္စည်းမှ မတွေ့ဘူး။ မတွေ့ဘဲနဲ့ သူတို့ကိုပါ ထည့်စွဲထားတယ်။ သူတို့က အတူတူပါတဲ့အတွက် သူတို့လည်း ပြစ်မှုကျူးလွန်တယ်ဆိုပြီး စွဲတာပေါ့။”

ဘုရား ကမဝါစာ လက်ဝယ်တွေ့ရှိရုံနဲ့ ပြစ်မှုကျူးလွန်ရာ မရောက်ဘူးလို့ ဦးကျော်ဟိုးကပြောပါတယ်။

“တိုင်ချက်ထဲမှာပါတာက ဒီကမဝါစာ စာရွက်တွေကို တောင်ဒဂုံက ဘုန်းကြီးကျောင်းတကျောင်းမှာ ဆွမ်းကပ်တော့ ဝတ္ထုငွေကပ်တော့ အဲဒီထဲကိုထည့်ပြီး ကပ်တယ်ဆိုပြီး သူကစွပ်စွဲတာ။ ဒါပေမယ့် သက်သေထွက်ချက်မှာ မျက်မြင်သက်သေတွေရှိတယ်ဆိုတာတော့ အခုထက်ထိ မပေါ်ပေါက်သေးဘူးပေါ့။ ကံဆောင်တဲ့ ကမဝါဆိုတော့ ဒါဘုရားဟောတဲ့ စာပဲလေ၊ ဒီစာရွက်လေးလက်ဝယ်ရှိရုံနဲ့တော့ ပြစ်မှုကျူးလွန်ရာမရောက်ဘူး။”

# နိုင်ငံကူးလက်မှတ်ကိစ္စဆွေးနွေးပွဲပြုလုပ်

**DVB၊ နိုဝင်ဘာ ၈။** ။ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေ ယာယီနိုင်ငံကူးလက်မှတ်လုပ်ရေးနဲ့ပတ်သက်ပြီး ဆွေးနွေးပွဲတရပ်ကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ မနက်ဖြန် လုပ်ဖို့ရှိပါတယ်။

ဒီအစည်းအဝေးကြောင့် ပတ်စ်ပို့လုပ်ချင်တဲ့ အလုပ်သမားတွေ ဘယ်လိုပြင်ဆင်လုပ်ကိုင်ရမယ်ဆိုတာတွေ သိရတော့မှာဖြစ်ပါတယ်။ ပတ်စ်ပို့လုပ်ပေးမှာက နယ်စပ်မြို့တွေမှာဖြစ်ပြီး မြန်မာအလုပ်သမားတွေက ထိုင်းနိုင်ငံ အနှံ့အပြားမှာဆိုတော့ သွားရေးလာရေး စရိတ်စကတွေနဲ့ ဘယ်လိုဖြစ်လာမယ်ဆိုတာကို စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ချင်းမိုင်က International Center မှာ မနက်ဖြန် မနက် ၉ နာရီကနေ ညနေ ၃ နာရီအထိ ပြုလုပ်မှာဖြစ်ပါတယ်။ ဆွေးနွေးပွဲကို လူ့အခွင့်အရေးနဲ့ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းလို့ခေါ်တဲ့ ထိုင်းအန်ဂျီအိုတခုက ကမကထလုပ်တာဖြစ်ပြီး ဆောက်လုပ်ရေး၊ အိမ်ဖော်နဲ့ ဈေးရောင်းတဲ့ မြန်မာအလုပ်သမားတွေ ၂ ရာလောက်ကို ဖိတ်ထားတယ်လို့ သိရပါတယ်။ လာရောက် ဆွေးနွေးဟောကြားမယ့်သူတွေက ထိုင်းအန်ဂျီအိုတွေနဲ့ ထိုင်းအစိုးရ ဌာနတွေဖြစ်တဲ့ ရဲနဲ့ ပို့ဆောင်ရေးဌာနတွေက တာဝန်ရှိသူတွေ လာရောက်ဟောပြောမှာ ဖြစ်ပါတယ်။ ထိုင်းအစိုးရ တာဝန်ရှိသူတွေ ပြောကြားမယ့်အကြောင်းအရာတွေကိုတော့ လူ့အခွင့်အရေးနဲ့ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းက မချယ်ရီက အခုလိုရှင်းပြပါတယ်။

“သူတို့ပြောမှာက Work Permit ရှိတဲ့ လူတွေ ယောက်တိုင်း နယ်စပ်မှာ မဖြစ်မနေ ပတ်စ်ပို့ပြန်ပြီးတော့ သွားလုပ်ရမယ်။ နောက်ဆုံး သတ်မှတ်ထားတဲ့ အချိန်မှာမလုပ်ရင် ဘယ်လိုဖြစ်လာမလဲဆိုတဲ့အချက် အပါအဝင် အလုပ်သမားတွေက မရှင်းလင်းတဲ့ အချက်အလက်တွေရှိရင် အစည်းအဝေးမှာ တခါတည်း မေးနိုင်ပါတယ်။”

အာဏာပိုင်တွေက အခုလကုန်မှာ နောက်ဆုံးထားပြီး ယာယီနိုင်ငံကူးလက်မှတ်လုပ်ဖို့ အချိန်သတ်မှတ်ထားတာကြောင့် သတ်မှတ်ချိန်အတွင်း မလုပ်မိလို့ မြန်မာအလုပ်သမားတွေ တရားမဝင်ဖြစ်ကုန်မှာကို စိုးရိမ်တယ်လို့လဲ မချယ်ရီက ပြောပါတယ်၊ ယာယီနိုင်ငံကူးလက်မှတ်တွေကို ပြီးခဲ့တဲ့ ဇူလိုင်လလယ်က စတင်ထုတ်ပေးနေတာဖြစ်ပြီး အခုအချိန်အထိ လက်မှတ်လုပ်သူ ၂ ထောင်ခန့်သာရှိတယ်လို့ သိရပါတယ်။

# အပစ်ရပ်အဖွဲ့ အန်ဒီအေကေ နယ်ခြားစောင့်တပ်အသွင်ပြောင်းပြီ

**DVB ၊ နိုဝင်ဘာ ၁၀ ။** ။ အပစ်ရပ်အဖွဲ့တခုဖြစ်တဲ့ ကချင်ဒီမိုကရေစီသစ်တပ်မတော်ကို နယ်ခြားစောင့်တပ်အဖြစ် တရားဝင်ပြောင်းလဲလိုက်ပြီဖြစ်ပြီး အပစ်ရပ် လက်နက်ကိုင်အဖွဲ့တွေထဲက ပထမဆုံးအကြိမ်နယ်ခြားစောင့်တပ် အသွင်ကူးပြောင်းမှုဖြစ်ပါတယ်။

ဒီလ ၈ ရက်နေ့က ဒီမိုကရေစီသစ်တပ်မတော် (ကချင်) အဖွဲ့ ဌာနချုပ် ပန်ဝါမှာ တရားဝင် အခမ်းအနားလုပ်ပြီး ပြောင်းလဲလိုက်တာလို့ အခမ်းအနား တက်ခဲ့သူတွေရဲ့အပြောကို ကိုးကားပြီး အန်ဒီအေကေ အရာရှိဟောင်းတဦးက ပြောပါတယ်။

“နေရာ ၃ နေရာမှာလို့ပြောတယ်။ အဲဒီဟာ သဘောမပေါက်လို့ အောက်ခြေကလူတွေ ထွက်ပြေးတဲ့လူတွေလည်း အများကြီးရှိတယ်လို့ ပြောသံကြားတယ်။ အဲဒါ ဖွဲ့စည်းနေတာ ၂ လလောက်ရှိပြီ။ လူစုလို့မရ ဖြစ်နေတယ်လို့ ပြောကြတယ်။”

အခုလို ပြောင်းလဲလိုက်တဲ့အတွက် အန်ဒီအေကေအဖွဲ့ အလိုအလျောက် ပျက်ပြယ်သွားပြီ ဖြစ်ပါတယ်။ ဒီအခမ်းအနားမှာ အန်ဒီအေကေတပ်ကို တပ်ရင်း သုံးရင်းဖွဲ့စည်းပြီး ပြောင်းလဲလိုက်တာဖြစ်ပြီး တပ်ရင်းနံပါတ်တွေက ၁,၀၀၁၊ ၁,၀၀၂၊ ၁,၀၀၃ တွေဖြစ်ပါတယ်။ ဒီအခမ်းအနားကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်စိုးဝင်းနဲ့ အန်ဒီအေကေ ခေါင်းဆောင် စခုံတိန့်ယိမ်းတို့ တက်ရောက်တယ်လို့ ဆိုပါတယ်။ ဒီလို အသွင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး အန်ဒီအေကေ တာဝန်ရှိသူတွေကို မေးမြန်းလို့မရပါဘူး။

ရန်ကုန်အခြေစိုက် အန်ဒီအေကေရုံးကတော့ ဆက်လက်ဖွင့်ထားဆဲဖြစ်ပြီး တာဝန်ယူဖြေဆိုမယ့်သူ မရှိဘူးလို့ပြောပါတယ်။ ဒီအခမ်းအနားမှာ နယ်ခြားစောင့်တပ်အသွင်ကူးပြောင်းဖို့ တပ်ရင်းသုံးရင်း၊ တရင်းကို လူပေါင်း ၃ ရာကျော်ဖြစ်ပေမယ့် အန်ဒီအေကေက တပ်ရင်းတရင်းကို လူတရာလောက်ပဲလာပြီး ကျန်တဲ့သူတွေမလာကြဘူး၊ တချို့ပုန်းအောင်းနေကြတယ်လို့လည်း အဲဒီ အရာရှိဟောင်းက ပြောပါတယ်။

လာမယ့် သီတင်းပတ်အတွင်းမှာ ပန်ဝါဒေသကို ကာကွယ်ရေးဌာန စစ်ဆင်ရေးအထူးအဖွဲ့အကြီးအကဲတဦးဖြစ်တဲ့ ဗိုလ်ချုပ်သာအေး လာရောက်မယ်ဆိုတဲ့သတင်းတွေ ထွက်နေပါတယ်။ တရုတ်–မြန်မာနယ်စပ်အခြေစိုက် စစ်ရေးအကဲခတ် ဦးအောင်ကျော်ဇောက ဦးဖုန်ကျားရှင်ထွက်ပြေး ပြီးနောက် ဦးပယ်စောက်ချိန် ကွပ်ကဲနေတဲ့ ကိုးကန့် ဒီမိုကရက်တစ်တပ်မတော်ကလည်း အခု နယ်ခြားစောင့်တပ် တပ်ရင်းတရင်း ဖွဲ့စည်းထားပြီးပြီလို့ပြောပါတယ်။

“သူတို့က တရားဝင်သဘောတော့ ဆောင်ပြီ။ ဒါပေမယ့် ဘယ်တုန်းက အဲလိုဖြစ်မှန်းမသိဘူး။ သူကတော့ လူအပြည့်နီးပါးရှိတာပေါ့။ လူ ၃၀၀ လောက်ရှိတယ်။ တပ်သား ၁၉၀ ကျော်လောက်ပါတယ်၊ အရာရှိက ၁၅ ယောက်လောက်ပါတယ်။ ၁,၀၀၆ တပ်ဘက်မှာအခု တပ်ရင်းမှူးလုပ်တဲ့သူက ယန်ရှောက်ကျွင်းတန်။ တချိန်က ဗကပတပ်မှာ တပ်သားအဖြစ်ပါဖူးတယ်။ ပိုင်စုံချိန်တို့ ဗမာအဖွဲ့နဲ့ပေါင်းပြီး အာဏာမသိမ်းခင်မှာ ကိုးကန့်အထူးဒေသ ၁ ရဲ့ တရားရေးဌာန ဒုဌာနမှူးဖြစ်ပါတယ်။”

ကိုးကန့်ဒေသမှာ တိုက်ပွဲဖြစ်တုန်းက နအဖ တပ်အင်အား ၂၈ ရင်းလောက်ရှိတဲ့အနက် အခုအခါ ဆယ်ရင်းလောက် ပြန်ဆုတ်သွားပြီလို့ သူက ပြောပါတယ်။ အန်ဒီအေကေနဲ့ ကိုးကန့်အဖွဲ့တွေ နယ်ခြားစောင့်တပ်အသွင်ကူးပြောင်းမှုပုံစံဟာ တခြားအပစ်ရပ်အဖွဲ့တွေက စစ်အစိုးရအပေါ် သဘောထားတင်းမာတယ်လို့မထင်ရအောင် ညင်ညင်သာသာကိုင်တွယ်တာတွေ့ရတယ်လို့ ဦးအောင်ကျော်ဇောက ပြောပါတယ်။

# ဆက်သွယ်တပ်က ကလေးစစ်သား မောင်ရဲနောင် ပျောက်ဆုံးနေ

**DVB ၊ နိုဝင်ဘာ ၁၀ ။** ။ ရခိုင်ပြည်နယ် အမ်းမြို့နယ် အမှတ် ၈ အဆင့်မြင့်ဆက်သွယ်ရေးတပ်က အသက် ၁၇ နှစ်အရွယ် ကလေးစစ်သား မောင်ရဲနောင် ဟိန်း (ခေါ်) မောင်ရဲနောင် ပျောက်ဆုံးသွားလို့ မိဘတွေက စိုးရိမ်နေကြပါတယ်။

ကိုယ်ပိုင်အမှတ် တ/၃၈၇၈၁၅ တပ်သား မောင်ရဲနောင်ဟာ အမ်းမြို့က နေ ထားဝယ်တပ်ကို ပြောင်းရွှေ့ဖို့ ရန်ကုန်ကို ခေတ္တရောက်လာစဉ် ပျောက်ဆုံးသွားတာဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ လကုန်ပိုင်းက မိဘတွေဆီလာရောက်တွေ့ဆုံပြီးနောက်ပိုင်း ပျောက်ဆုံးသွားတာလို့ အဖေဖြစ်သူ ဦးအုန်းသန်း ပြောပါတယ်။

“တပ်ပြောင်းတဲ့ကိစ္စနဲ့ သူတို့ ရန်ကုန် ချော်တွင်းကုန်း အမှတ် ၁ အဆင့်မြင့်ဆက်သွယ်ရေးကို ခေတ္တလာရောက် တည်းခိုရင်း ကျနော့်ဆီကို သူတို့ အလည်လာပါတယ်၊ ကျနော့်ဆီကိုအလည်လာတာ လပြည့်နေ့မတိုင်ခင် ၁ ရက်ကပဲ။ လပြည့်ကျော် ၁ ရက်နေ့ပြန်လာလည်လို့ ကျနော် ပြောလိုက်တယ်။ သူ ပိုက်ဆံမပြေလည်တာ၊ အဝတ်အစားမရှိတာတို့ကို ကျနော့်ဆီ လာတောင်းတာ။ တပ်ကြပ်ကြည်လွင်ဆိုတာလည်း ပါလာတယ်။ အဆင့်မြင့် ဆက်သွယ်ရေးက ပါပဲ။”

ဦးအုန်းသန်းကို လာမတွေ့ပေမယ့် သူတပ်ထဲ ပြန်မသွားချင်ကြောင်း၊ ဒုက္ခတွေမခံနိုင်ကြောင်း တကြိမ်သာ ဖုန်းနဲ့လှမ်းအကြောင်းကြားပြီး ဘယ်ရောက်နေတယ်ဆိုတာ မပြောဘူးလို့ ဦးအုန်းသန်းက ပြောပါတယ်။ မောင်ရဲနောင်ဟာ တပ်တွင်းမှာ စားဖို့ဝတ်ဖို့ မပြေလည်တဲ့အပြင် နယ်စပ် အမ်းမြို့မှာ ငှက်ဖျားမိပြီး ဆေးရုံတက်ကုသရလို့ ကျန်းမာရေးလည်း မကောင်းဘူးလို့ ဆိုပါတယ်။ သူ့ကို ကိုယ်ဝန်ရှိစဉ်ကတည်းက ကျန်းမာရေးချို့တဲ့နေလို့ အခုလို ထပ်ပျောက်သွားတဲ့အတွက် အရမ်းစိတ်ပူနေရတယ်လို့ ဦးအုန်းသန်းက ပြောပါတယ်။

“အမျိုးသမီးက တီဘီရောဂါဖြစ်တဲ့အချိန်နဲ့ သူမွေးဖွားလာကတည်းသိပ်ပြီးတော့ ကျပ်ပြည့်တာမဟုတ်ဘူး။ သူ့ကို ဆွဲဆောင်တဲ့လူနောက် သူ ယုံယုံကြည်ကြည်နဲ့လိုက်သွားတယ်။ ကျနော်တို့သား ကျနော်တို့ဆီ ပြန်လာစေချင်တာပေါ့။ ကျနော်တို့လည်း အသက် ၅၀ ကျော် ဖြစ်နေပြီဆိုတော့ အားကိုးချင်ပြီပေါ့။ သူ့ကို ဝရန်းပြေးလို ပုံစံမျိုးလည်းမဖြစ်စေချင်ဘူး။ သူ့ရင်ထဲမှာ တအုံနွေးနွေးနဲ့ မလွတ်မလပ်ဘဝမျိုးကို ရင်ဆိုင်နေရတာမျိုးကို မိဘတယောက်အနေနဲ့ မဖြစ်စေချင်တာတော့ အမှန်ပဲ။”

တပ်သား မောင်ရဲနောင် ပျောက်ဆုံးနေတာနဲ့ ပတ်သက်လို့ သူခေတ္တရောက်နေတဲ့ ရန်ကုန် အမှတ် ၁ အဆင့်မြင့် ဆက်သွယ်ရေးတပ်က အရာရှိတွေလည်း ဒီလ ၈ ရက်နေ့က နေအိမ်ကိုလာရှာပြီး မောင်ရဲနောင်ကိုတွေ့ရင် ပြန်ပို့ပေးဖို့အပြင် တပ်ကိုဆက်သွယ်ရမယ့် ဖုန်းနံပါတ်ပါ ပေးထားခဲ့တယ်လို့ ဦးအုန်းသန်းက ပြောပါတယ်။ မောင်ရဲနောင်ကတော့ ပြီးခဲ့တဲ့နှစ် ဇန်နဝါရီ ၃ ရက်နေ့က အစ်မဖြစ်သူ နေအိမ်ကို အလုပ်လုပ်ဖို့ အိမ်ကထွက်သွားစဉ် ပျောက်ဆုံးသွားပြီး ကလေးစစ်သားအဖြစ် စုဆောင်းခံရတာဖြစ်ပါတယ်။ ဒီကိစ္စကို အိုင်အယ်လ်အိုကို တိုင်ကြားဖို့ ပဲခူးမြို့ရှိ လမ်းပြကြယ်အဖွဲ့ကို ဦးအုန်းသန်းက အကူအညီတောင်းခံနေပါတယ်။

## ပြကွဒိန်မှ

**နိုဝင်ဘာ ၁၃ ၊** MANILA ။ ။ နအဖသည် အဲန်အဲလ်ဒီနှင့်ဒေါ်အောင်ဆန်းစုကြည်အပေါ် ချက်ခြင်းရုတ်တရက်သဘောထားပြောင်းမည်ဟု မမျှော်လင့်ကြောင်း အချိန်ကြာမည်ဖြစ်ကြောင်း ကလင်တန်မှဆို၏။

**နိုဝင်ဘာ ၁၃ ၊** Irrawaddy ။ ။ နိုင်ငံအပေါ် ပိတ်ပင်မှုများကိစ္စ ဒေါ်အောင်ဆန်းစုကြည်သည် ဗိုလ်ချုပ်သန်းရွှေနှင့် တိုက်ရိုက်ဆွေးနွေးနိုင်ရန် အဲန်အဲလ်ဒီသို့တင်ပြကြောင်း။

**နိုဝင်ဘာ ၁၃ ၊** S.H.A.N. ။ ။ နအဖသည် ဘိန်းတိုက်ဖျက်ရေးဘမ်းပြ၍ အမေရိကန်အကူအညီတောင်းကာ တိုင်းရင်းသားအဖွဲ့များအား ဖြိုခွဲမည်ဖြစ်ရာ အမေရိကန်လက်တွင် သွေးစွန်းနိုင်ကြောင်း SSA မှဆို၏။

# အငြိုးကြီးလှတဲ့ ကရင်အဖွဲ့ကွဲနှစ်ခုပေါင်းစည်းရေးကြိုးပမ်းမှုမအောင်မြင်

**Mizzima | နိုဝင်ဘာ ၁၂ ။** ။ အငြိုးကြီးလှသော ကရင်အဖွဲ့ကွဲနှစ်ခုအကြား ပြန်လည်ပေါင်းစည်းရေးကြိုးပမ်းမှုများမှာ အောင်မြင်မှုမရဘဲဖြစ်နေတယ်လို့ ကရင်အမျိုးသားအစည်းအရုံး KNU ဗဟိုသတင်းရပ်ကွက်တခုက ပြောပါတယ်။

KNU ရဲ့တပ်ဖြစ်တဲ့ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA မှ စစ်ဦးစီးချုပ် ဗိုလ်ချုပ်မှူးတူးဆေးဖိုးနှင့် ဒီမိုကရက်တစ်တိုးတက်သောဗုဒ္ဓဘာသာ ကရင်တပ်မတော် DKBA မှ ကိုယ်စားလှယ် မြိုင်ကြီးငူဆရာတော် ဦးသုဇနတို့ ထိုင်း–မြန်မာနယ်စပ်တွင် အောက်တိုဘာလ ၁၉ ရက်နေ့က လျှို့ဝှက်ဆွေးနွေးကြပေမယ့် တစုံတရာသဘောတူညီမှုမရဘဲ ပြီးဆုံးသွားခဲ့ခြင်းဖြစ်ပါတယ်။

"တွေ့ဆုံဆွေးနွေးပွဲကလည်း ဘယ်မှခရီးမရောက်ဘူးပေ့ါလေ။ ဘုန်းကြီးအနေနဲ့ကလည်းကြိုးစားတာဘဲ။ ဒါပေမယ့် သူ့တပ်တွေကလည်း သူ့စကားကိုနားထောင်တာရှိတယ်၊ နားမထောင်တာရှိတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူ့တပ်တွေက နအဖ နောက်ကိုလိုက်သွားပြီလေ။ တချို့တပ်ခွဲတွေကလည်း သူ့စကားနားမထောင်တော့ဘူးဗျ။ အဲဒါက သူ ဒီဆွေးနွေးပွဲအတွက် အခက်အခဲဖြစ်တာပေ့ါ။" လို့ သတင်းရပ်ကွက်က မဇ္ဈိမကိုပြောပါတယ်။

ကိုယ်ပိုင်ပြဌာန်းခွင့်အတွက် ၁၉၄၈ ခုနှစ်ကတည်းက လက်နက်ကိုင်တော်လှန်သည့် KNU အတွင်း ၁၉၉၄ ခုနှစ်တွင် ကွဲထွက်သွားခဲ့ပြီးနောက် အသေအပျောက်များလှသော တိုက်ပွဲများဖြစ်ပေါ်ခဲ့သည်။ KNU ၏ အမာခံစခန်းတခုဖြစ်သော မာနယ်ပလောအပါအဝင် နယ်မြေစိုးမိုးရေးတိုက်ပွဲများတွင် စစ်အစိုးရက ငြိမ်းချမ်းရေးရယူထားသော DKBA ကို မဟာမိတ်ပြု၍ KNU အပေါ်တိုက်ခိုက်ခဲ့သည်။ ဩဇာရှိခေါင်းဆောင်တဦးဖြစ်သော KNU အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာကို ထိုင်းနယ်စပ် မဲဆောက်ရှိနေအိမ်တွင် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် သေနတ်သမားနှစ်ဦးက လုပ်ကြံသတ်ဖြတ်ခဲ့သည်။ လေ့လာသုံးသပ်သူများက DKBA ကလုပ်ဆောင်ခဲ့သည်ဟု လက်ညှိုးထိုးခဲ့သည်။ DKBA ဘက်တွင်လည်း ခြောင်းမြောင်းသတ်ဖြတ်ခံရမှုများ ရှိခဲ့သည်။

ယခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် မြိုင်ကြီးငူဆရာတော်က တိုက်ခိုက်သတ်ဖြတ်မှုများကိုရပ်စဲ၍ သွေးစည်းစေလိုကြောင်း ကြေညာချက်တစောင်ကို KNU သို့ပို့ပေးခဲ့သည်။ KNU တပ်မဟာ ၆ နယ်မြေ၊ ဒူပလာယာခရိုင်ဥက္ကဋ္ဌစောရွှေမောင်းက ဆရာတော်ဦးသုဇနထံသို့ တပတ်အတွင်းစာပြန်လျှောက်ထားခဲ့အပြီး ဆွေးနွေးမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

"ဆွေးနွေးမှုကမပြတ်သေးဘူးလို့ပြောလို့ရတာပေ့ါ။ သူတို့ဆွေးနွေးကြတာက နှစ်ဖက်စလုံးအပစ်အခတ်ရပ်မယ်ဆိုလို့ရှိရင် သူ့ဘက်ကိုယ့်ဘက်ကို ထိန်းနိုင်တဲ့အနေအထားရောက်မှ အပစ်အခတ်ကရပ်မှာကိုး။ မထိန်းနိုင်ဘဲနဲ့တော့ အပစ်အခတ်ရပ်မယ်ဆိုရင် ရပ်တဲ့အဖွဲ့က ရပ်၊ ပစ်တဲ့အဖွဲ့က ပစ်ဆိုရင် အလကားဘဲ။ ပြန်ပြီးတော့ထပ်ရှုပ်လာဦးမယ်။" လို့ ကရင်ခေါင်းဆောင်တဦးက ပြောပါတယ်။

DKBA ၉၉၉ တပ်အရာရှိတဦးကမူ တပ်အတွင်းညီညွတ်မှုရှိနေပြီး မြိုင်ကြီးငူဆရာတော်စကားလိုက်နာပါသည်ဟု ပြောပါတယ်။

"ဆရာတော်ကတော့ ကျနော်တို့ကိုအမြဲတမ်းမှာပါတယ်။ အမြဲတမ်းနားထောင်ပါတယ်။ အချင်းချင်း ညီညီညွတ်ညွတ်နေဖို့ဟာကို။ ဆရာတော်ကတော့ သွားဆွေးနွေးတာက ကျနော်တို့နှစ်ဘက် ညီညီညွတ်ညွတ်နေဖို့ ဒါဘဲ။ ပြေလည်မပြေလည်ဆိုတာကတော့ ဆရာတော်လမ်းညွှန်မှုအတိုင်းဘဲ။" လို့ အဲဒီအရာရှိက ပြောပါတယ်။ ကျနော်တို့ DKBA ကတော့ ဆရာတော်ပြီးတယ်ဆိုရင် ပြီးတာဘဲ။ ဆရာတော်စကား နားမထောင်တဲ့လူတယောက်မှမရှိပါဘူး။ ဆရာတော်က ညီညီ ညွတ်ညွတ်နေဆိုရင် ကျနော်တို့အားလုံးက ညီညီညွတ်ညွတ်နေမှာဘဲ။ DKBA နဲ့ KNU နဲ့ အားလုံးညီညီညွတ်ညွတ်နေရင် ကျနော်တို့အားလုံးဝမ်းသာတာ ပေ့ါ။" လို့ သူကဘဲဆက်ပြောပါတယ်။

# အင်္ဂါဆုတောင်းပွဲများ ပြုလုပ်နေဆဲပါ

**DVB | နိုဝင်ဘာ ၁၁ ။** ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးအတွက် အဖွဲ့ချုပ်ဝင်တွေ အင်္ဂါနေ့တိုင်း ဝတ်ပြုဆုတောင်းမှုကို ဆက်လက်ပြုလုပ်နေပါတယ်။

မကွေးတိုင်း ရေနံချောင်းမြို့ အဖွဲ့ချုပ်အမျိုးသမီးအဖွဲ့ဝင်တွေ ဒီနေ့ပြုလုပ်ခဲ့တဲ့ ဆုတောင်းမှုအခြေအနေကို မြို့နယ်အဖွဲ့ချုပ် အမျိုးသမီးခေါင်းဆောင် ဒေါ်ခင်စောဌေးက ပြောပါတယ်။

"ခါတိုင်းက ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတို့၊ ဘုရားတို့မှာ လုပ်တယ်။ တနှစ်တခါ ဟိန္ဒူမီးနင်းပွဲဆိုတာ လုပ်တယ်လေ။ ဒီမနက်ကျတော့ သူတို့အလံချပွဲပေ့ါ။ အဲဒီမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အကျဉ်းသားများလွတ်မြောက်ရေးဆုတောင်းပြီး အလှူငွေတွေ ထည့်ဝင်လိုက်တယ်။ ဘာသာရေး မတူသော်လည်း ဆုတောင်းပွဲချင်း အတူတူပဲဆိုပြီး ဒီနေ့ အင်္ဂါဆုတောင်း အဲဒါလုပ်ခဲ့တယ်။"

မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ်မှာ ကိုထွန်းထွန်းဦးဆောင်တဲ့ သဲတောမြို့က အဖွဲ့ချုပ်ဝင်တွေ မြဘုန်းရှင်ဘုရားမှာ ဝတ်ပြုဆုတောင်းခဲ့ကြပြီး တဲစုဒေသမှာတွဲ ဘက်အတွင်းရေးမှူး ကိုအောင်သူက ဦးဆောင်ပြုလုပ်ခဲ့ပါတယ်။ ဒီလို အပတ်စဉ်အင်္ဂါနေ့တိုင်း ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး ဆုတောင်းပွဲတွေ ဆက်လက်ပြုလုပ်နေရတဲ့အကြောင်းကို ကိုထွန်းထွန်းက ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသား အားလုံး လွှတ်မြောက်ရေးရည်ရွယ်ချက်နဲ့ ဆုတောင်းနေရတယ်ဆိုတာက လက်ရှိမြန်မာနိုင်ငံရဲ့အခြေအနေကို ပြန်ကြည့်ရင် သိသာပါတယ်။ "

မြန်မာနိုင်ငံက အခြေခံပြည်သူလူထု တရပ်လုံးရဲ့လက်တွေ့ခံစားကြုံတွေ့နေရတဲ့ ပြဿနာပေါင်းစုံ အခက်အခဲဖြစ်နေပြီ။ နိုင်ငံရေးအပြောင်းအလဲ၊ ဝါဒအပြောင်းအလဲ တခုခုမဖြစ်လာခဲ့ရင် ဒီပြဿနာတွေ ကျော်လွှားနိုင်ဖို့ ဘယ်လိုမှမရတဲ့ အခြေအနေမျိုးပါ။"ပြည်သူလူထု တရပ်လုံးရဲ့ လွတ်လပ်မှုမှန်သမျှကို မှန်ကန်ပြတ်သားစွာ ဖြေရှင်းပေးနိုင်မယ့် ပုဂ္ဂိုလ်ဆိုတာ ဒေါ်အောင်ဆန်းစုကြည်ကလွဲပြီး ကျနော်တို့ နိုင်ငံမှာရှိမှာ မဟုတ်ဘူး။ ဒါကြောင့် ကျနော်တို့က ဒေါ်အောင်ဆန်းစုကြည်လွှတ် မြောက်ရေးကို ပြည်သူလူထု အကျိုးရှေးရှုပြီး တက်တက်ကြွကြွနဲ့ အင်္ဂါနေ့တိုင်း ပုံမှန်ဝတ်ပြုဆုတောင်းခဲ့တာပါ။"

# တရုတ်ဓာတ်ဆီ ပုံမှန်ထက်ပိုဝင်

**DVB | နိုဝင်ဘာ ၉ ။** ။ တရုတ်–မြန်မာနယ်စပ်မှာ အခုတလော တရုတ်ပြည်ကနေ မြန်မာနိုင်ငံကို ဓာတ်ဆီတွေ ပုံမှန်ထက်ပိုဝင်နေပါတယ်လို့ တရုတ်–မြန်မာနယ်စပ်ကလာတဲ့ သတင်းတွေအရ သိရပါတယ်။

ဂါလံထောင်နဲ့ချီဆန့်တဲ့ ဆီဘောက်ဆာကားတွေနဲ့ နေ့စဉ် ၁၄–၁၅ စီးနယ်စပ်ဂိတ်တွေကနေ တရားဝင်ဖြတ်သန်းဝင်ရောက်နေတာတွေရှိသလို ကားတွေမှာ ဆီအပြည့် ဖြည့်ထားပြီး မြန်မာဘက်ရောက်မှ ပြန်ထုတ်ရောင်းတဲ့ တရားမဝင်နည်းတွေနဲ့ သယ်နေတာတွေလည်း ရှိပါတယ်။ အလားတူ ဆိုင်ကယ်သမားတွေကလည်း တနိုင်တပိုင်ပုံးတွေနဲ့သယ်နေကြပါတယ်။ တချို့ကားတွေမှာဆို ဓာတ်ဆီတိုင်ကီ အပိုတွေကိုပါ တပ်ဆင်ထားတယ်လို့ သိရပါတယ်။ ဒီဆီတွေဟာ ကချင်ပြည်နယ် လိုင်ဇာနဲ့လွယ်ဂျယ်ကတဆင့် အဝင်များတယ်လို့လည်း ဒေသခံတွေကပြောပါတယ်။

တရုတ်ဓာတ်ဆီဟာ မြန်မာဓာတ်ဆီထက် အရည်အသွေးပိုကောင်းပြီး ဈေးလည်းပိုကြီးပါတယ်။ တလီတာကို မြန်မာငွေ တထောင်လောက်ရှိပါတယ်။ အခုလို တရုတ်ဓာတ်ဆီတွေ မြန်မာနိုင်ငံဘက် ပုံမှန်ထက်ပိုပြီးဝင်နေတာ ၂ ပါတ်လောက်ရှိနေပါပြီ။ အကြောင်းရင်းကတော့ ပွင့်လင်းရာသီရောက်တာနဲ့အမျှ မြန်မာဘက်ခြမ်းက ရွှေနဲ့ကျောက်တူးဖော်ရေးလုပ်ငန်းတွေ ပြန်လည်အသက်ဝင်လာတာကြောင့် အခုလို ဓာတ်ဆီတွေဝင်နေတာဖြစ်ပြီး ဝင်လာသမျှ ဓာတ်ဆီတွေဟာလည်း အဲဒီတူးဖော်ရေးလုပ်ငန်းတွေက စက်ယန္တရားတွေမှာ အသုံးပြုတာလို့ ဒေသခံတွေက ပြောဆိုပါတယ်။

# ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဘက်များက ဖွဲ့စည်းပုံဥပဒေပြင်ဆင်ရန် တောင်းဆို

**DVB၊ နိုဝင်ဘာ ၁၁။** ။ ဒီနေ့ကျရောက်တဲ့ ၈၉ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ရန်ကုန်မြို့က ဝါရင့်နိုင်ငံရေးသမားကြီး သခင်သိန်းဖေရဲ့နေအိမ်မှာ ဒီမနက် ကျင်းပပါတယ်။

သခင်သိန်းဖေ နေအိမ်မှာကျင်းပတဲ့ ၈၉ ကြိမ်မြောက် အမျိုးသားနေ့ အခမ်းအနား တက်လာသူတွေက အဓိက ပြောတာကတော့ ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ပေးဖို့နဲ့ စစ်မှန်တဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲလုပ်ဖို့ လိုတဲ့အကြောင်းတွေ ဦးစားပေးပြောတာ တွေ့ရပါတယ်။ ဒီမနက် အခမ်းအနားမှာ ဝါရင့်နိုင်ငံရေးသမားကြီးလုပ်ဖော်ကိုင်ဘက် သခင်သိန်းဖေက မိန့်ခွန်းပြောပါတယ်။

"အခု ရွေးကောက်ပွဲကျတော့ ဟိုတုန်းကလို ဘယ်လိုပုဂ္ဂိုလ်က အာမခံမလဲ၊ ဘယ်လို ကတိပေးကြဦးမလဲ။ ရဲဘော်များခင်ဗျ၊ ကျနော်တို့ အဘိုးကြီးတွေ ပျော်ပျော်ပဲ မဲပေးနိုင်အောင် အကျဉ်းကျခံနေရသော နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိအမြန်လွှတ်ပေးပါ။ နိုင်ငံရေးနဲ့ပတ်သက်သူ အားလုံးကို အရွေးခံနိုင်အောင် စီစဉ်ပေးပါ။ နိုင်ငံတကာက ပြောနေပြီ။ ပြည်တွင်း နိုင်ငံရေးအဖွဲ့အစည်းအများစုကပြောတဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြန်လည်သုံးသပ်ရေး လုပ်ပေးပါ။"

"အဓိက နိုင်ငံရေးအင်အားစုကြီးဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသား လူမျိုးစုခေါင်းဆောင်များ၊ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအတွက် လိုအပ်သည်တို့ကို စတင်လုပ်ဆောင်နိုင်ရန် အဓိပ္ပာယ်ရှိစွာ မျက်နှာစုံညီအစည်းအဝေးလုပ်ပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်"။

ရဲဘော်များခင်ဗျာ… နိဂုံးချုပ်စကားကို တိုတိုပဲပြောချင်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သလို 'ကျနော်တို့ မိအေး ၂ ခါနာ မဖြစ်ချင်ဘူးခင်ဗျား' ဆိုတာပါပဲ။ အားလုံး ကျန်းမာချမ်းသာပြည့်ဝကြပါစေ။"

၁၉၉၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတုန်းကလည်း စစ်အာဏာသိမ်းခေါင်းဆောင်က ကတိပေးခဲ့သလို ကတိမတည်တဲ့အတွက် လာမယ့် ရွေးကောက်ပွဲကိုလည်း ယုံကြည်ဖို့ အကြောင်းအချက် မလုံလောက်တဲ့ အကြောင်း ပြောဆိုသွားတာပါ။ ဒီအခမ်းအနားကို တိုင်းရင်းသားနိုင်ငံရေးပါတီကခေါင်းဆောင်တွေ၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ဗဟိုအလုပ်အမှုဆောင်တွေ အပါအဝင် လူပုဂ္ဂိုလ် ၂၀၀ လောက်တက်ရောက်ပါတယ်။ ဒီအခမ်းအနားမှာ အဓိကအားဖြင့် ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ စစ်အစိုးရတို့ နှစ်ဖက်တွေ့ဆုံညှိနှိုင်းအဖြေရှာဖို့တောင်းဆိုခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အရေးကြီးပုံကို ဝါရင့်နိုင်ငံရေးသမားကြီး ဦးထွေးမြင့်က ပြောပါတယ်။

"ရွေးကောက်ပွဲကို လက်ခံထားတဲ့ ကျနော်တို့ရဲ့ ပေါ်လစီက လက်ရှိဖွဲ့စည်းပုံဥပဒေအရ ရွေးကောက်ပွဲလုပ်ရင် ဒီမိုကရေစီစနစ်ကို မသွားနိုင်ဘူး၊ ဒါကြောင့် တွေ့ဆုံဆွေးနွေးရေးလုပ်ပြီး၊ ညှိနှိုင်းဆွေးနွေးပြီး အကျဉ်းသားတွေအားလုံးလွှတ်ပါ။ နောက်ပြီး မီဒီယာတွေ လွတ်လပ်စွာ ပြောဆိုခွင့်၊ စည်းရုံးခွင့် လုပ်ပြီးမှ ရွေးကောက်ပွဲလုပ်ရင် ဒီရွေးကောက်ပွဲဟာ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုမယ်၊ ကုလသမဂ္ဂကလည်း လက်ခံမယ်ဆိုတဲ့သဘောထား ကျနော်တို့ဆီမှာရှိပါတယ်။"

လွတ်လပ်ရေးအသီးအပွင့်ကို ပြည်သူတွေ မခံစားရဘဲ လူနည်းစုသာခံစားနေရတယ်လို့ လည်း သူက ပြောပါတယ်။

"သခင်ခေတ်က ဆောင်ပုဒ်က 'ဒို့ကိုယ်ကျိုးလုံးလုံးမပါ၊ နောင်လာနောက်သားကောင်းစားဖို့ရာ'။ ကျနော်တို့က သခင်ကြီးတွေနဲ့အတူတူ တို့ကိုယ်ကျိုးလုံးလုံးမပါဘဲ လုပ်ရတာပဲ။ နောင်လာနောက်သား ကောင်းစားဖို့လုပ်တဲ့အခါမှာ ကွက်ကွက်ပြီး ကောင်းစားနေလို့ ခက်တာပါပဲ။" မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ နိုင်ငွေသိန်းကလည်း ဝါရင့်အဖွဲ့ရဲ့ သဘောထားအတိုင်း ဖြစ်ပါတယ်။ ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးသာဘန်းကလည်း ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေးကိစ္စဟာ သူတို့ လိုလားချက် ဖြစ်တယ်လို့ ပြောပါတယ်။

"နာဂစ်ဖွဲ့စည်းပုံလို့ ပြည်သူတွေက သတ်မှတ်ထားတဲ့ ဖွဲ့စည်းပုံကို ပြင်ပေးပါလို့ ကျနော်တို့က ဆန္ဒပြုပါတယ်။" ဝါရင့်အဖွဲ့ရဲ့ ဒီနေ့ ထုတ်ပြန်ချက်မှာ ၂၀၁၀ ရွေးကောက်ပွဲ အကြိုကာလမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ တာစူနေသူတွေကို သတိပေးထားပြီး ရွေးကောက်ပွဲဟာ ဒီမိုကရေစီကိုသွားရာ တခုတည်းသော နည်းလမ်းမဟုတ်ဘဲ နည်းလမ်းတွေအများကြီးထဲက တခုသာဖြစ်တယ်လို့ သတိပေးပြောဆိုခဲ့ပါတယ်။ ဒီပြောဆိုချက်နဲ့ ပတ်သက်ပြီး အခမ်းနားလာတက်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းတင်က ဒီအယူဆဟာ တော်တည့်မှန်ကန်တယ်လို့ ပြောပါတယ်။

"အမှန်ဆုံးသဘောထားပဲ။ ဒီသဘောထားဟာ ဒီနေ့ ဒါသည် အလွန်ကို ဝါရင့်နေတဲ့ ပုဂ္ဂိုလ်ကြီးများ အသိအမှတ်ရသလိုပဲ၊ နိုင်ငံရေးနဲ့ အဆက်အစပ်မရှိတဲ့ ပုဂ္ဂိုလ်များ၊ ကျောင်းသားလူငယ်များလည်း ဒီသဘော ထားအတိုင်းပဲ ရှိနေပါတယ်။"

ဝါရင့်နိုင်ငံရေးသမားကြီး ဦးအောင်မြင့်က မြန်မာအကျပ်အတည်းကို ဖြေရှင်းရာမှာ တပ်ပေါင်းစုပုံစံနဲ့ ဖွဲ့စည်းလုပ်ဆောင်ရမယ်လို့ ပြောပါတယ်။

"ဒီမိုကရေစီ လိုချင်တယ်ဆိုတာ နဂိုကတည်းက ကျနော်တို့ လွတ်လပ်ရေးတိုက်ပွဲဦးတည်ချက် ဖြစ်တယ်။ ဒီဦးတည်ချက်က လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးဖြစ်တယ်။ အဲဒီအတွက် မိမိတို့ရည်မှန်းချက် အောင်မြင်ဖို့ လိုတယ်။ လုပ်တဲ့နေရာမှာလည်း တဦးတယောက်တည်းလုပ်လို့ မရဘူး။ လက်ရှိအခြေအနေအရ ညီညီညွတ်ညွတ်နဲ့ စုပေါင်းပြီး လုပ်ကြရမှာဖြစ်တယ်၊ အမျိုးသားအဖွဲ့ချုပ်ကြီးလို့ပဲ ခေါ်ခေါ်၊ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုကြီးလို့ပဲ ခေါ်ခေါ်၊ ပြည်ချစ်အင်အားစုလို့ပဲခေါ်ခေါ် ညီညွတ်သော တပ်ပေါင်းစုတရပ်တော့ ရှိရမယ်။ တပ်ပေါင်းစုမရှိဘဲနဲ့ ကျနော်တို့ဘာမှလုပ်လို့မရဘူး။"

ဒီအခမ်းအနားမှာ ထုတ်ပြန်တဲ့ ဝါရင့်နိုင်ငံရေးသမားကြီးတွေရဲ့ မေတ္တာရပ်ခံပန်ကြားစာမှာ လွတ်လပ်ရေးရပြီးကတည်းက တစတစယိုယွင်းလာတဲ့ အမျိုးသားသွေးစည်းညီညွတ်ရေး ပျက်ယွင်းလာမှုကို ပြုပြင်ဖို့လိုတယ်လို သတိပေးထားပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေးအတွက် လုပ်ရှားသူတွေကို နှစ်ရှည်ထောင်ဒဏ်တွေချပြီး ဝေးလံခေါင်ဖျားထောင်တွေကို ပို့ဆောင်တာဟာ အမျိုးသားချင်း မသင့်မြတ်မှုတွေ ပဋိပက္ခတွေ တိုးပွားစေတယ်လို့ ပြောထားပြီး တိုင်းရင်းသားတွေ အပါအဝင်နိုင်ငံရေးအင်အားစုတွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ စစ်အာဏာသိမ်း အစိုးရတို့ တွေ့ဆုံဆွေးနွေးကြပါလို့ ထပ်လောင်း မေတ္တာရပ်ထားပါတယ်။

---

## စာမျက်နှာ ၈ မှ

ဒါဟာ ဗိုလ်နေဝင်းလက်ထက်ကတည်းက ချမှတ်ခဲ့တဲ့လမ်းကြောင်းဖြစ်ပြီး ဗိုလ်သန်းရွှေတို့ ဖဝါးခြေထပ်လိုက်နေတာလည်းဖြစ်ပါတယ်။ ဒီလိုလျှောက်ဖို့ဟာ သူတို့အတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတာကို ဗိုလ်ချုပ်တွေအသိဆုံးပါ။ ဒီလို စစ်ဗိုလ်ချုပ်တွေ မျက်စိမလည်တဲ့ကိစ္စကို အတိုက်အခံတွေက မျက်စိမလည်ဖို့အရေးကြီးပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းမှာ ဒါမျိုးတွေဟာ ဖြစ်ရိုးဖြစ်စဉ် ဘာမှမဆန်းတာလို့ မြင်ဖို့လိုပါတယ်။ ဒီလိုအပြောင်းအလဲတွေက ကိုယ်လုပ်စရာရှိတာတွေကို မထိခိုက်ဖို့လိုပါတယ်။ နိုင်ငံတခုနဲ့တခုဆက်ဆံမှုကိုလိုက်ပြီး ကိုယ့်လုပ်ငန်းစဉ်ကို မပြောင်းဖို့လိုပါတယ်။

နအဖ စစ်အုပ်စုရဲ့အဘိဓာန်ထဲမှာ အမျိုးသားရင်ကြားစေ့ရေးဆိုတဲ့ ဝေါဟာရမရှိဘူးဆိုတာ အိမ်ဖြူတော်ကပုဂ္ဂိုလ်တွေ သိ မသိမပြောတတ်ပါ။ ငါပြောရင်ရပါတယ်လို့ ကိုယ့်ကိုကိုယ် အထင်ကြီးလို့မရတာတော့ သေချာပါတယ်။ နိုင်ငံငယ်တွေက နိုင်ငံကြီးတွေကို နှပ်ကစားတာ၊ နိုင်ငံကြီးတွေက မသိချင်ဟန်ဆောင်ပြီး တမင်အနှပ်ခံတာ ဆိုတာတွေဟာ နိုင်ငံချင်းဆက်ဆံရေးမှာ မဆန်းတဲ့ကိစ္စတွေဖြစ်ပါတယ်။ ခက်တာက ဒီကိစ္စတွေ ဗမာပြည်မှာလာပေါ်ပေါက်နေတာလားလို့ စဉ်းစားစရာဖြစ်နေတာပါဘဲ။

# မီတာခတွေ ငွေပိုကောက်နေတဲ့ ရာအိမ်မှူးကြောင့် ဒေသခံတွေ မကျေနပ်

**DVB ၊ နိုဝင်ဘာ ၉ ။** ။ မန္တလေးတိုင်း သာစည်မြို့နယ်မှာ မြို့နယ်လျှပ်စစ်ဌာနက မီတာခဖြတ်ပိုင်းတွေကိုပြင်ပြီး ကျသင့်ငွေထက် ရာအိမ်မှူးက ငွေပိုကောက်နေလို့ ဒေသခံတွေ မကျေမနပ် ဖြစ်နေကြပါတယ်။

သာစည်မြို့ဟံဇားရွာ ရာအိမ်မှူး ဦးဝင်းလွင် ရဲ့ အဓမ္မငွေကောက်ခံမှုကို အထက်အာဏာပိုင်တွေဆီ တင်ပြပေမယ့် အရေးယူဆောင်ရွက်ပေးတာ မရှိဘူးလို့ ရွာခံတွေက ပြောပါတယ်။ အဆိုးဆုံးက လျှပ်စစ်ဌာနရဲ့ မီတာခကျသင့်ငွေဖြတ်ပိုင်းကိုပြင်ဆင်ပြီး ငွေပိုကောက်နေတာလို့ ဟံဇားရွာခံတဦးက ပြောပါတယ်။

"အဲဒီ သာစည်မြို့နယ် စအဖက သူ့ကို သတင်းပေးအနေနဲ့ ခန့်ထားတာ။ အဲ့ဒါကိုသူက စက်ကိုခါးချိတ်ပြီးတော့ ရွာမှာ အကုန်လုံးပိုက်ဆံတွေ လိုက်တောင်းနေတာ။ မြို့နယ်က မီတာကြေးစာအုပ်တွေက သူ့ဆီရောက်တာ။ သူ့ဆီကနေမှ မြို့နယ်ကို သွားဆောင်ရတာ။ အဲဒါကို သူကမီတာကြေးစာရွက်တွေ ပြန်ရေးပြီးတော့ ကောက်တယ်။ ဓာတ်တိုင်တွေပေါ် သာမန်အရပ်သား တက်ခွင့်မရှိဘူး။ သူ့ဘာသူ တက်ပြီး အိမ်တွေကို မီးပွားတွေပေးပြီး သူကပဲ ပိုက်ဆံတွေ တောင်းတာ။ လျှပ်စစ်ဌာနကိုတော့ ပိုက်ဆံဝင်တာမျိုးမရှိဘူးပေါ့။"

အခုလို မီတာခတွေ ပိုကောက်နေသလို သက်ဆိုင်ရာအာဏာပိုင်တွေကို လိုင်းကြေးပေးပြီး ရောင်းနေတဲ့ လောင်းကစားဒိုင်တွေကိုလည်း ကြုံရင် ကြုံသလို ငွေတောင်းနေတယ်လို့ရွာခံတွေက ပြောပါတယ်။ ရွာကို ဈေးရောင်းလာတဲ့ လှည်းတွေကိုလည်း အဓမ္မငွေကောက်ပြီး မပေးရင် ခြိမ်းခြောက်တယ်လို့ နောက်ထပ် ရွာခံတဦးက ပြောပါတယ်။

"တောဘက်ကလာတဲ့ မီးသွေးလှည်း၊ ဝါးလာရောင်းတဲ့သူ၊ မျောတိုင်လာရောင်းတဲ့သူတွေကို သူက လမ်းကဆီးပြီး ပိုက်ဆံတောင်းတယ်။ မပေးရင် လှည်းရော၊ လူရော၊ နွားရော သိမ်းတယ်။ အဲလိုခြိမ်းခြောက်တော့ လှည်းတွေက လာမရောင်းရဲတော့ဘူး။ လာမရောင်းရဲတော့ ရွာသူရွာသားတွေမှာ ဝါးလေးတလုံးနှစ်လုံးဝယ်ဖို့ကို စက်မှုဇုံတို့ ချော်ပင်သဂျန်းကုန်းတို့ကို သွားပြီးတော့ တကူးတက ဝယ်ရတယ်။ လျှပ်စစ်နဲ့ပတ်သက်ပြီးတော့ မီတာတွေကိုလည်း သူထင်သလို လျှောက်လုပ်နေတယ်။"

"သူ့အိမ်မှာလည်း ရုံးက မီတာဖြတ်ပိုင်း အပိုစာအုပ်ရှိတယ်။ ဟိုကနေ တလကို မီတာတလုံးကို ၇,၀၀၀၊ ၈,၀၀၀ ဆို သူက ၁ သောင်းလောက် ပိုရေးပြီး လျှပ်စစ်နဲ့ပတ်သက်ပြီး နားမလည်တဲ့အိမ်တွေကို ထင်သလို လုပ်တယ်။ ကျနော်တို့ရွာခံတွေက ရဝတကိုပြောတော့ သူတို့ပြောဦးမယ်ဆိုပြီး သူတို့လည်း ဘာမှမပြောဘူး။ လွှတ်ထားသလိုဖြစ်နေတယ်။ ပြောရရင် သူက စအဖကို လိုက်ရှာပေးတဲ့သဘောပေ့ါ။ ပိုက်ဆံ ၅ သောင်းရတယ်ဆိုရင် စအဖကို သူက ၃ သောင်းပေးတယ်၊ သူက ၂ သောင်းရိတ်တယ်ပေ့ါ။ စအဖလည်း သူ့ဝင်ငွေတမျိုးကောင်းတယ်ဆိုပြီး လွှတ်ထားတဲ့ သဘောမျိုးရှိတယ်။"

ဒီဖြစ်ရပ်နဲ့ပတ်သက်လို့ ရာအိမ်မှူးဦးဝင်းလွင်နဲ့ မြို့နယ် မယကကို ဆက်သွယ်လို့မရပါဘူး။ မီတာခဖြတ်ပိုင်းတွေကို ပြင်ဆင်ပြီး ငွေပိုကောက်နေတာနဲ့ပတ်သက်လို့သာစည်မြို့နယ် လျှပ်စစ်ဌာနတာဝန်ကျအရာရှိတဦးကပြောပါတယ်။

"ကျနော်တို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးကို သူတို့ဆီက အဲလို ကွန်ပလိန်းတက်လာတာမျိုးမရှိဘူး။ တက်လာရင်တော့ ကျနော်တို့ စုံစမ်းမေးမြန်းစစ်ဆေးပေးရမှာပေ့ါ။ အခု ဘာအကြောင်းထူးမှ ဝင်လာတာမရှိသေးတော့ ကျနော်တို့လုပ်ငန်းအနေနဲ့ ဟိုဟာမဖြစ်ဘူး။ ဒါပေမယ့် ဒီအကြောင်းအရာကို သိရှိရပြီးနောက်တော့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာကို တင်ပြပြီး အဲဒီရွာအထိဆင်းပြီး ကျေးရွာလိုင်းမီးတွေ တအိမ်ဝင်တအိမ်ထွက် စစ်ဆေးဖို့စဉ်းစားစရာဖြစ်လာပြီပေ့ါ။"

## အာဆီယံ အားလုံးကို အစည်းဝေးတက်စေချင်

**DVB ၊ နိုဝင်ဘာ ၇ ။** ။ လာမယ့်အပါတ်အတွင်း စင်ကာပူမှာကျင်းပမယ့် အမေရိကန် အာဆီယံထိပ်သီးအစည်းအဝေးကို အာဆီယံအဖွဲ့ဝင် နိုင်ငံခေါင်းဆောင်အားလုံး တက်ရောက်စေချင်တယ်လို့ အမေရိကန် သံအမတ်ကြီးစကော့မာရှယ်က ပြောကြားလိုက်ပါတယ်။

အဲဒီအစည်းအဝေးအတွက် ပြင်ဆင်တဲ့အနေနဲ့ ဖိလစ်ပိုင်မှာ အစိုးရအရာရှိတွေ တွေ့ဆုံဆွေးနွေးတဲ့အခါမှာ မစ္စတာမာရှယ်က ဒီလိုပြောသွားတာပါလို့ အေအက်ဖ်ပီ သတင်းမှာ ဖော်ပြထားပါတယ်။ ဒါဟာ အမေရိကန်သမ္မတဘားရက်အိုဘားမားက မြန်မာစစ်အစိုးရခေါင်းဆောင်တွေနဲ့ တွေ့ဆုံနိုင်ခြေရှိတဲ့အတွက် ဒီလို ပြင်ဆင်စီစဉ်နေတယ်လို့လည်း အဲဒီသတင်းမှာဖော်ပြထားပါတယ်။ လာမယ့် ၁၅ ရက်နေ့ စင်ကာပူကို နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်လည်း ရောက်ရှိဖို့ရှိတယ်လို့ စင်ကာပူဝန်ကြီးချုပ် လီရှင်လွန်းက ပြောကြားထား ပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိစ္စကိုလည်း အဲဒီအစည်းအဝေးမှာ သမ္မတအိုဘားမားက အာဆီယံခေါင်းဆောင်တွေနဲ့ ဆွေးနွေးဖို့ရှိတယ်လို့လည်း လီရှင်လွန်းက ပြောပါတယ်။ လွန်ခဲ့တဲ့ ရက်ပိုင်းအတွင်း အာရှပစိဖိတ်ဒေသဆိုင်ရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကတ်ကမ့်ဘဲနဲ့ သူ့လက်ထောက် စကော့မာရှယ်တို့ မြန်မာပြည်ကို သွားရောက်ခဲ့ပြီး နအဖစစ်အုပ်စုနဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ပါ တွေ့ဆုံခဲ့ပါတယ်။ အဲဒီလိုတွေ့ဆုံခဲ့ ပြီးနောက်ပိုင်း ခုလိုအစီအစဉ်တွေဆက်တိုက်ထွက်ပေါ်လာတာပါ။

## ILO မှာ မြန်မာကိစ္စဆွေးနွေးမည်

**DVB ၊ နိုဝင်ဘာ ၉ ။** ။ အောင်လံမြို့နယ်က လယ်သမားတွေကို ဖမ်းဆီးထောင်ချခံရမှု အပါအဝင် မြန်မာနိုင်ငံတွင်းက လုပ်အားပေး အခြေအနေတွေကို ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် အစည်းအဝေးမှာ အလေးပေးဆွေးနွေးသွားမှာဖြစ်တယ်လို့ ILO အရာရှိတဦး က ပြောဆိုလိုက်ပါတယ်။

နိုဝင်ဘာ ၅ ရက်နေ့ကနေ ၂၀ ရက်နေ့အထိ ဂျနီဗာမှာ ကျင်းပနေတဲ့ ILO အုပ်ချုပ်ရေးအဖွဲ့ အစည်းဝေးအတွင်း ဆွေးနွေးသွားမှာဖြစ်ကြောင်း အမှုဆောင်အရာရှိ Kari Tapiola က ပြောပါတယ်။

"ခင်ဗျားတို့ မြင်နေရတဲ့အတိုင်းပါပဲ။ လုပ်ငန်းစဉ်တချို့ တိုးတက်အောင်မြင်နေသလို အခြားတဘက်မှာလည်း မှားယွင်းနောက်ဆုတ်မှုတချို့ရှိနေပါတယ်။ ဒါကို ကျနော်တို့အထူးစိုးရိမ်ပါတယ်။ အထူးသဖြင့် လူတချို့ကို တရားစီရင်ရေးစနစ်နဲ့ ဖမ်းဆီးထောင်ချထားပါတယ်။ ဒါကို ကျနော်တို့ အလေးပေးဆွေးနွေးပြီး အုပ်ချုပ်ရေးအဖွဲ့က ဘယ်လို အဖြေရှာနိုင်မလဲ ဆိုတာကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။"

ဒီကိစ္စကို ၁၈ ရက်နေ့မှာ ဆွေးနွေးမှာဖြစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ILO ကိုယ်စားလှယ် စတိဗ်မာရှယ်ရဲ့ အစီရင်ခံစာအပေါ် အခြေခံ ဆွေးနွေးသွားမယ်လို့ သိရပါတယ်။ စတိဗ်မာရှယ်ဟာ အခု ILO အစည်းအဝေးတက်ဖို့ ရန်ကုန်ကနေ ဂျနီဗာကိုသွားနေပြီး မကြာခင် သူ့အစီရင်ခံစာထွက်လာမယ်လို့ မျှော်လင့်ရပါတယ်။ ပြီးခဲ့တဲ့လအတွင်းက ဆက်သွယ်မေးမြန်းချက်တခုမှာ အောင်လံက လူတဒါဇင်ကျော် ဖမ်းဆီးခံရမှုကို အထူးစိုးရိမ်ကြောင်း၊ ဒီလူတွေကို လွှတ်ပေးဖို့ အစိုးရကို တောင်းဆိုထားကြောင်း ပြောပါတယ်။

လုပ်အားပေးနဲ့ ကလေးစစ်သားကိစ္စ တိုင်ကြားစာတွေလည်း အယင်နှစ်တွေကထက် များလာနေတယ်လို့ သူက ပြောခဲ့ပါတယ်။ ဒီလိုများလာတာဟာ လုပ်အားပေးခိုင်းစေမှု၊ စစ်သားစုဆောင်းမှုတိုးလာတယ်လို့ ကောက်ချက်ဆွဲလို့မရဘဲ နိုင်ငံသားတွေကိုယ်တိုင်က ILO ကို စာရေးတိုင်ကြားလို့ရမှန်း ပိုသိလာတာကြောင့် ဖြစ်နိုင်တယ်လို့ စတိဗ်မာရှယ်က ပြောဖူးပါတယ်။

# နယ်ခြားစောင့်တပ်ဖွဲ့စည်းမှုအပေါ် ကရင်နီလူငယ်များအဖွဲ့ကန့်ကွက်

**NEJ ၊ နိုဝင်ဘာ ၁၁ ။** ။ စစ်အစိုးရရဲ့နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်တဲ့ အပစ်ရပ် ငြိမ်းချမ်းရေးအဖွဲ့ဖြစ်တဲ့ ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး ကလလတ အား နိုင်ငံတကာရောက် ကရင်နီလူငယ်များနှင့်လူမှုအဖွဲ့ ၁၇ ဖွဲ့တို့က ပန်ကြားစာတစောင်ထုတ်ပြန်ကန့်ကွက်လိုက်ပါတယ်။

ကရင်နီပြည်သူများနှင့် ကလလတ တပ်ဖွဲ့ဝင်များထံ သဘောထားစစ်တမ်းကောက်ယူခြင်း၊ အသိပေးခြင်းမရှိဘဲ ကလလတ အနေဖြင့် နယ်ခြားစောင့်တပ်ဖွဲ့သည့်ကိစ္စကို လုပ်ဆောင်ခြင်းသည် ကရင်နီပြည်သူများကို အလေးမထားရာရောက်ကြောင်း ထိုပန်ကြားစာမှာဖော်ပြထားပါတယ်။

“ပထမဦးဆုံး နယ်ခြားစောင့်တပ်ကိစ္စကို ဆုံးဖြတ်ချက်မချခင်မှာကတည်းက ပြည်သူတွေကိုအသိပေးဖို့လိုပါတယ်။ တပ်ဖွဲ့ဝင်တွေရဲ့ သဘောထားကိုလည်း စစ်တမ်းကောက်ဖို့လိုပါတယ်။ သူတို့အနေနဲ့ကတော့ တပ်ဖွဲ့ရဲ့ဗဟိုကော်မတီ တရပ်တည်းကဘဲ ဆုံးဖြတ်ချက်ချလို့မသင့်ပါဘူး။” လို့ ကနေဒါနိုင်ငံအခြေစိုက် ကရင်နီလူမှုအဖွဲ့အစည်းမှ ခွန်မျိုးမင်းလတ်က ပန်ကြားစာနဲ့ပတ်သက်ပြီး ပြောကြားခဲ့တာဖြစ်ပါတယ်။ ကလလတ အဖွဲ့က ယခုလ ၈ ရက်တွင် နယ်ခြားစောင့်တပ်အဖြစ် တရားဝင်ပြောင်းလဲခဲ့ပြီး နအဖစစ်အုပ်စုရဲ့ စစ်ဘက်ဆိုင်ရာရာထူးများကို လက်ခံလိုက်ပြီဖြစ်ပါတယ်။ အခုလို နယ်ခြားစောင့်တပ်အသွင်ကူးပြောင်းမှု ကန့်ကွက်စာနဲ့ပတ် သက်ပြီး ကရင်နီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ KNPP အတွင်းရေးမှူး ၁ ခူဦးရယ်က သဘောထားမှတ်ချက်တစုံတရာပေးရန် ငြင်းဆန်ခဲ့ပါတယ်။

“သူတို့ပြောနေ ဆိုနေကြတာတွေတော့ကြားပါတယ်။ အဲဒါတွေနဲ့ပတ်သက်လို့တော့ ကျနော့အနေနဲ့ဘာမှ သဘောထားဖို့မရှိပါဘူး။” လို့ သူကပြောပါတယ်။ ကရင်နီပြည် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦးသည် ၁၉၉၄ ခု၊ မေ ၉ ရက်တွင် နအဖ အစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့ပြီး ယခုလ ၈ ရက်တွင် နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းလိုက်ခြင်းဖြစ်ပါတယ်။

ကလလတ အနေနဲ့ ကရင်နီပြည်သူများဖွံ့ဖြိုးရေးအတွက် အတိုင်းအတာတခုအထိ လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ သို့သော် ကရင်နီပြည်သူများရဲ့တပ်အဖြစ်ရပ်တည်နေသောကြောင့် ပြည်သူကိုအသိပေးအလေးထားရန် တိုက်တွန်းပန်ကြားရခြင်းသာဖြစ်ကြောင်း ကရင်နီလူငယ်များနှင့် လူမှုအဖွဲ့အစည်းများက ပြောပါတယ်။

“ကယားပြည်နယ်ရဲ့ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ဖို့နဲ့ လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်မှုတွေအတွက် ကယားပြည်နယ်မှာအခြေပြုတဲ့ နိုင်ငံရေးပါတီ၊ အဖွဲ့အသီးသီးကကြိုးစားရမှာပါ။ ဒါကြောင့် ကယားပြည်နယ်က ပြည်သူတွေရဲ့ရင်ထဲက ခံစားချက်ကို နားလည်ပေးကြပါလို့ တိုက်တွန်းချင်တာပါ။” လို့ ပန်ကြားစာထုတ်ပြန်ရာတွင်ပါဝင်တဲ့ ခွန်မျိုးမင်းလတ်က ပြောပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်အယူခံဗဟိုတရားရုံးချုပ်သို့တင်သွင်း

**RFA ၊ နိုဝင်ဘာ ၁၃ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ချခံထားရမှုအတွက် အယူခံတာကို တိုင်းတရားရုံးက အောက် တိုဘာလ ၂ ရက်နေ့က ပယ်ချခဲ့တဲ့အတွက် အဲဒီအယူခံလွှာကို ဗဟိုတရားရုံးချုပ်မှာ ဒီကနေ့ပြင်ဆင်လျှောက်ထားလိုက်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေ ဦးကြည်ဝင်းက RFA ကို ပြောပါတယ်။

“ဒီနေ့တင်လိုက်တယ်။ ပြင်ဆင်မှုတင်လိုက်တော့ သူတို့က တရားရုံးချုပ်က ကျနော်တို့တင်လိုက်တဲ့ အယူခံလွှာ၊ ပြင်ဆင်လွှာပေါ့။ အဲဒီမှာ နံပါတ်ပေးလိုက်ပြီ။ အမှုနံပါတ်က ၆၀၀ ခ/၂၀၀၉ ဆိုပြီးပေးလိုက်တယ်။”

တရားရုံးချုပ်က အယူခံလွှာကိုလက်ခံလိုက်ပြီဖြစ်ပေမယ့် နှစ်ဖက်ရှေ့နေတွေအပြန်အလှန် လျှောက်လဲမယ့်ရက်ကို ဘယ်တော့ဆုံးဖြတ်မလဲဆိုတာ လောလောဆယ်အတိအကျမသိနိုင်သေးဘူးလို့ ရှေ့နေဦးကြည်ဝင်းကပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ချထားတဲ့ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ စစ်အာဏာသိမ်းခဲ့တဲ့ ၁၉၈၈ ခုနှစ်ကတည်းက ချုပ်ငြိမ်းပျက်ပြယ်သွားပြီဖြစ်တာကြောင့် သူမကိုနေအိမ်အကျယ်ချုပ်က လွှတ်ပေးသင့်ကြောင်း အဲဒီအယူခံချက်မှာအဓိက ထောက်ပြထားတာဖြစ်ပါတယ်။

အာဏာပိုင်တွေဘက်က ပြဌာန်းထားတဲ့ လွှတ်လပ်စွာတရားစီရင်ခွင့်မှုအရ ဥပဒေကြောင်းအရသာ တိတိကျကျလိုက်နာဆောင်ရွက်မယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အယူခံအောင်မြင်မှာဖြစ်ပြီး သူမကိုလုံးဝလွှတ်ပေးရမှာဖြစ်တယ်လို့ ရှေ့နေဦးကြည်ဝင်းကပြောပါတယ်။ သူကဆက်လက်ပြီး အခုလိုပြောကြားသွားပါတယ်။

“အခု လက်မခံတဲ့အဆင့်က တိုင်းအဆင့်ကိုးဗျ။ တိုင်းအဆင့်ဆိုတော့ သူတို့ဥပဒေပိုင်းမှာ အဲဒါကို high court လောက်တော့ မရင့်ကျက်ဘူးပေ့ါ။ အဲဒီတော့ high court ကျရင် ရင့်ကျက်မယ်၊ ရင့်ကျက်တော့ ကျနော်တို့မျှော်လင့်ချက်ရှိတာပေ့ါ။”

ဒီအတောအတွင်း ဒေါ်အောင်ဆန်းစုကြည် မကြာခင်လွှတ်မြောက်နိုင်တယ်လို့ စစ်အစိုးရနိုင်ငံခြားရေးဝန်ကြီးဌာနက ညွှန်ကြားရေးမှူးချုပ်ဦးမင်းလွင်က အခုသီတင်းပတ်အတွင်း ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်ကတော့ အဲဒီပြောဆိုချက်အပေါ် သံသယရှိတယ်လို့ပြောပါတယ်။

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲချုပ်ခင်ညွန့်ကိုရွေးကောက်ပွဲဝင်ခိုင်း

**RFA ၊ နိုဝင်ဘာ ၁၃ ။** ။ ရဲချုပ်ခင်ရီကို လာမယ့် ၂၀၁၀ ရွေးကောက်ပွဲမှာ မြောင်းမြကနေ ဝင်ရောက်အရွေးခံဖို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမိန့်ပေးထားတယ်လို့ ပြည်ထဲရေးဝန်ကြီးဌာနအဆင့်မြင့်အရာရှိတဦးက အတည်ပြုပြောကြားပါတယ်။

ရဲချုပ်ခင်ရီကို ၂၀၁၀ ရွေးကောက်ပွဲဝင်ခိုင်းတဲ့အတွက် မကြာခင်ရဲချုပ်ရာထူးကနုတ်ထွက်ပြီး နိုင်ငံရေးဘက်ကိုပြောင်းရမယ့်သဘောဖြစ်တယ်လို့လည်း အဆိုပါအရာရှိကြီးကပြောပါတယ်။ ရဲချုပ်ခင်ရီရဲ့နေရာကို အနောက်မြောက်တိုင်း ဒကစမှူးတဦးနဲ့ အစားထိုးမှာဖြစ်တယ်လို့ပါ စုံစမ်းသိရှိရပါတယ်။ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်ကို အဂတိလိုက်စားမှုနဲ့နေပြည်တော်မှာ စစ်ဆေးနေတုန်း ထွက်ပြေးသွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး ရဲချုပ်ခင်ရီကို အရေးယူအပြစ်ပေးတာမျိုး မလုပ်ချင်တဲ့အတွက် အခုလိုနိုင်ငံရေးဘက်ပြောင်းဖို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမိန့်ပေးခဲ့တာဖြစ်နိုင်တယ်လို့ ရန်ကုန်ရဲအရာရှိတွေကပြောပါတယ်။

ထွက်ပြေးနေတဲ့ ရဲမှူးကြီးဝင်းနိုင်ကိုလည်း မြန်မာနိုင်ငံထဲကနေ ပြည်ပမထွက်စေဘဲ ပြည်တွင်းမှာခိုလှုံခွင့်ပေးထားသလို သူ့ကိုဖမ်းဆီးခွင့်မရှိ ဆိုပြီး လျှို့ဝှက်အမိန့်ထုတ်ပြန်ထားတယ်လို့ပါ အဲဒီ အဆင့်မြင့်ပြည်ထဲရေးဌာနအရာရှိက ပြောပါတယ်။ ဒ့ါအပြင် ရဲမှူးကြီးဝင်းနိုင်ကို စစ်ဆေးနေတဲ့အမှုကိုလည်း ဆိုင်းငံ့ထားတယ်လို့စုံစမ်းသိရှိရပါတယ်။

အဓိကအချက်ကတော့ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင် ပြည်ပရောက်သွားပြီး စစ်အစိုးရဝေဖန်သူမျိုးမဖြစ်လာစေဖို့ အခုလို ပြည်တွင်းမှာနေထိုင်နိုင်အောင် စစ်အစိုးရခေါင်းဆောင်ပိုင်းက ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့ အဆိုပါ ပြည်ထဲရေးအဆင့်မြင့်အရာရှိက ပြောပါတယ်။

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်ဟာ ရဲချုပ်ခင်ရီရဲ့ နိုင်ငံရေးသတင်းစာရှင်းလင်းပွဲတွေမှာ မြန်မာအတိုက်အခံဘက်က ဖမ်းမိသူတွေကိုအမှုဆင်ဖို့လိုအပ်တိုင်း ဖောက်ခွဲရေးပစ္စည်းတွေ လိမ်လည်ရှာဖွေပေးခဲ့သူ ဖြစ်တဲ့အတွက်လည်း ရဲမှူးကြီးဝင်းနိုင်ဟာ စစ်အစိုးရကို သိက္ခာချနိုင်သူဖြစ်နေတယ်လို့ အဆိုပါအရာရှိကပြောပါတယ်။

# ရွေးကောက်ပွဲထင်သာမြင်သာဖြစ်ရေးကူညီရန် အာဆီယံကို အမေရိကန်ပြောဆို

**Mizzima I နိုဝင်ဘာ ၁၂ ॥** ။ အထွေထွေရွေးကောက်ပွဲကို ထင်သာမြင်သာရှိစွာ ကျင်းပပေးရေးအတွက် မြန်မာနိုင်ငံကိုနားချပါရန် အမေရိကန်က အရှေ့တောင်အာရှ အာဆီယံနိုင်ငံများကို ယမန်နေ့တွင်ပြောဆိုလိုက်ပါတယ်။

ယခုတပတ် စင်္ကာပူတွင်ကျင်းပမည့် အာဆီယံ–အမေရိကန် ထပ်သီးအစည်းအဝေးမှာ အာဆီယံခေါင်းဆောင်များနှင့်တွေ့ဆုံရန် စီစဉ်ထားသည့် အမေရိကန်သမ္မတ ဘားရက်ခ်အိုဘားမားရဲ့ အာရှညီထွက်ခရီးစဉ်ကို ယနေ့စတင်မည့် အချိန်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က အာဆီယံ ၇ နိုင်ငံအပါအဝင် အာရှပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု APEC အဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများနှင့်တွေ့ဆုံအပြီး ပြောကြားခဲ့တာဖြစ်ပါတယ်။APEC အစည်းအဝေးကို စင်္ကာပူနိုင်ငံတွင်ကျင်းပမှာဖြစ်ပါတယ်။

"အာဆီယံအဖွဲ့ကြီးမှတဆင့်သော်၎င်း၊ တနိုင်ငံချင်းသော်၎င်း၊ မြန်မာခေါင်းဆောင်များနဲ့တွေ့ဆုံပြီး ယခုအချိန်သည် ၂၀၁၀ ရွေးကောက်ပွဲကို လွတ်လပ်မျှတပြီး အများယုံကြည်ကိုးစားခံရတဲ့ ရွေးကောက်ပွဲဖြစ်စေရေးအတွက် စတင်ပြင်ဆင်ရမယ့်အချိန်ပင်ဖြစ်ကြောင်း ဖျောင်းဖျပြောဆိုတာကို ကျမတို့မြင်လိုပါတယ်။" လို့ မစ္စကလင်တန်ကပြောဆိုခဲ့ပါတယ်။

The Strait Times သတင်းစာကြီးတွင် ရေးသားထားချက်အရ အာဆီယံခေါင်းဆောင်များနဲ့တွေ့ဆုံရာမှာ နိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရန် မစ္စတာအိုဘားမားက ပုဂ္ဂိုလ်ရေးအရမေတ္တာရပ်ခံမှုများ ပြုလုပ်လိမ့်မယ်လို့ အကြီးတန်းအစိုးရအရာရှိတဦးက ပြောတယ်လို့ဆိုပါတယ်။

အာဆီယံ ၁၀ နိုင်ငံခေါင်းဆောင်များနဲ့ အမေရိကန်သမ္မတ ဘားရက်ခ်အိုဘားမားတို့ ပထမဆုံးအကြိမ်အဖြစ် စင်္ကာပူတွင် တနင်္ဂနွေနေ့မှာမတွေ့ဆုံမီ ဒီသဘောထားပေါ်ထွက်လာခြင်းဖြစ်ပါတယ်။ ထိပ်သီးအစည်းအဝေးသည် ယခုအခါ နိုင်ငံအများအပြားနဲ့ ညွန့်ပေါင်းအဖွဲ့များ တိုးချဲ့ဖွဲ့စည်းထားပြီးဖြစ်နေသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အမေရိကန်နိုင်ငံက ပူးပေါင်းဆောင်ရွက်မယ့်မူဝါဒကို အမေရိကန်က ထပ်မံအတည်ပြုပြသနိုင်မည့် အခွင့်အရေးတရပ်ဖြစ်ပါတယ်။

မစ္စတာအိုဘားမားသည် အာဆီယံအစည်းအဝေးသို့ တက်ရောက်မယ့် ပထမဆုံးသမ္မတဖြစ်ပါတယ်။ မြန်မာနိုင်ငံဝန်ကြီးချုပ်ဦးသိန်းစိန်ပါဝင်တက်ရောက်မယ့် အစည်းအဝေးသို့တက်ရောက်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများက သဘောတူကြောင်း ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဌာန ညွှန်ကြားရေးမှူး Wiawas Sriwihok က တနင်္လာနေ့မှာ အတည်ပြုပြောကြားလိုက်ပါတယ်။

"မြန်မာနိုင်ငံရဲ့ပြည်တွင်းရေးပြဿနာများသည် မြန်မာနိုင်ငံနယ်နမိတ်တွင်းတွင်သာ ရှိနေမှာမဟုတ်တဲ့အတွက်" ဒီမိုကရေစီစနစ်သို့ပြောင်းလဲရန် မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ကြီးက တိုက်တွန်းပြောကြားရန်လိုတယ်လို့ မစ္စကလင်တန်က အထူးအလေးပေးပြောကြားခဲ့ပါတယ်။

သို့သော် မြန်မာ့ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအတွက် အမေရိကန်နိုင်ငံက စည်းကမ်းသတ်မှတ်ချက်များကိုမူ ထားရှိမှာမဟုတ်ကြောင်းနဲ့ သို့သော် စစ်အစိုးရအပေါ် ပိတ်ဆို့ဒဏ်ခတ်မှုများကိုလည်း ဆက်လက်ထားရှိမှာဖြစ်ကြောင်း သူမကဆက်လက်ပြောဆိုပါတယ်။

ယခုရက်သတ္တပတ်ကုန်တွင်ကျင်းပမယ့် ထိပ်သီးအစည်းအဝေးမတိုင်မီ ကျင်းပတဲ့ APEC ဝန်ကြီးအဆင့်အစည်းအဝေးသို့တက်ရောက်ရန် စင်္ကာပူနိုင်ငံသို့ မစ္စကလင်တန် အင်္ဂါနေ့ကရောက်ရှိလာတာဖြစ်ပါတယ်။ ထို့အပြင် စင်္ကာပူနိုင်ငံခြားရေးဝန်ကြီး George Yeo ကလည်း APEC နီးနှောဖလှယ်ပွဲပြင်ပမှာ မီဒီယာသို့ပြောကြားရာတွင်"အမေရိကန်သည် သူတို့၏အာဆီယံဆိုင်ရာမူဝါဒကို မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ အမေရိကန်မူဝါဒအပေါ်မူတည်ပြီး ပြဋ္ဌာန်းချမှတ်မှာမဟုတ်ကြောင်း ဆုံးဖြတ်ပြီးဖြစ်ပါတယ်။" လို့ အရှေ့တောင်အာရှနိုင်ငံများအသင်းကို ရည်ညွှန်းပြောကြားသွားခဲ့ပါတယ်။

"ဤအချက်သည် ထိုးဖောက်အောင်မြင်မှုတရပ်ပင်ဖြစ်သည်။ အကြောင်းမူ ယခင်က မြန်မာနိုင်ငံပြဿနာကြောင့် ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရေးကြိုးပမ်းမှုများကို တားဆီးသလိုဖြစ်ခဲ့တယ်။" လို့ သူကဆက်ပြောကြားပါတယ်။ သို့သော် ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း သက်ခ်ဆင်ရှိနာဝပ်ထရာသည်ကမ္ဘောဒီးယားအစိုးရ စီးပွားရေးအကြံပေးရာထူးရယူရန် အင်္ဂါနေ့ကမြို့တော်ဖနွမ်းပင်သို့ရောက်ရှိလာခဲ့တဲ့အတွက် ကမ္ဘောဒီးယားနဲ့ထိုင်းနိုင်ငံတို့အကြား အငြင်းပွားမှုများဆက်လက်ဖြစ်ပေါ်နေသောကြောင့်APEC နှင့်အာဆီယံအစည်းအဝေးများအတွက် စိတ်ပူပန်စရာများဖြစ်ပေါ်နေပါတယ်။

အာဆီယံအတွင်းရေးမှူး Surin Pitsuwan က အဆိုပါကိစ္စပြောဆိုရန် သူ့ကိုလွှန်ခဲ့သောရက်အနည်းငယ်အတွင်းက ခေါ်ယူတွေ့ဆုံခဲ့တယ်လို့ ယိုးကပြောပါတယ်။ ဆူရင်သည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများထံသို့လည်း စာရေး၍ နှစ်နိုင်ငံစလုံးက သူတို့ရဲ့ပြဿနာကိုဖြေရှင်းရန် တိုက်တွန်းပြောကြားခဲ့ပါတယ်။ ယိုးကလည်း ဤနိုင်ငံပြဿနာအပေါ် အဖွဲ့ဝင်နိုင်ငံများက စိုးရိမ်ပူပန်နေကြောင်းနဲ့ နှစ်ဖက်လုံးကထိန်းထိန်းသိမ်းသိမ်းရှိကြလိမ့်မယ်လို့ မျှော်လင့်ကြောင်း ပြောကြားခဲ့ပါတယ်။

---

# ကိုးကန့်တပ်ဖွဲ့အား နယ်ခြားစောင့်တပ်ပြောင်းလဲဖွဲ့စည်း

**NEJ I နိုဝင်ဘာ ၁၁ ॥** ။ ဩဂုတ်လကုန်ပိုင်း၌ ရှမ်းပြည်နယ်၊ အထူးဒေသ ၁၊ ကိုး ကန့်ဒေသအတွင်း အပစ်ခတ်ရပ်စဲရေးပျက်ကာ တိုက်ပွဲများဖြစ်ပြီးနောက် အမျိုး သားဒီမိုကရေစီ မဟာမိတ်တပ်မတော် ခေါ် ကိုးကန့်တပ်ဖွဲ့မှ လက်ကျန်တပ်ဖွဲ့ဝင် များအား နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး တပ်ရင်းဖွင့်ပွဲအဖြစ် မ ကြာမီ တရားဝင်အခမ်းအနားပြုလုပ်ရန်ရှိနေပါတယ်။

ယခုလ ၂ ရက်တွင် ကိုးကန့်တပ်ဖွဲ့မှအရာရှိ ၁၅ ဦး၊ အရာခံဗိုလ်၊ ဒု–အရာခံဗိုလ်၊ တပ်ကြပ်ကြီး၊ တပ်ကြပ်၊ ဒု–တပ်ကြပ် ၈၀ ခန့်နှင့် တပ်သား ၂၀၀ ခန့်ပါဝင်ပြီး နအဖ တပ်ဘက်မှ အင်အား ၃၀ ခန့်ပါဝင်ကာ အမှတ် ၁၀၀၆ နယ်ခြားစောင့်တပ်ရင်းကိုဖွဲ့စည်းခဲ့တယ်လို့ ကိုးကန့်တပ်ဖွဲ့ခေါင်းဆောင်များနှင့်နီးစပ်သူတဦးက ပြောပါတယ်။

"အဲဒီလိုဖွဲ့လိုက်တာက ယေဘုယျသဘောဘဲရှိသေးတယ်။ တရားဝင်အခမ်းအနားတွေနဲ့လုပ်ဖို့ရှိတယ်။ ဒု–ဗိုလ်ချုပ်ကြီးရဲမြင့်နဲ့ မင်းအောင်လှိုင်တို့တောင် အဲဒီပွဲလာတက်ဖို့ရှိနေတယ်။ အသက် ၅၀ ကျော်တွေနဲ့ ကျန်တဲ့သူတွေကိုတော့ ပြည်သူ့စစ်အနေနဲ့ဖွဲ့ပေးဖို့ရှိနေတယ်။ အဲဒါစီစဉ်နေတုန်းဘဲ။ ဘယ်လိုဖြစ်လာမယ် မသိသေးဘူး။" လို့ ကိုးကန့်တပ်ဖွဲ့ခေါင်းဆောင်များနဲ့နီးစပ်သူတဦးက ပြောပါတယ်။ ၁၉၈၉ ခုနှစ်၊ မတ်လတွင် ဖုန်ကြားရှင်ဦးဆောင်တဲ့ ကိုးကန့်တပ်ဖွဲ့သည် ဗမာပြည်ကွန်မြူနစ်ပါတီမှခွဲထွက်ကာ နအဖ စစ်အစိုးရနဲ့အပစ်အခတ်ရပ်စဲရေး ပြုလုပ်ကာ ယခုနှစ်၊ ဧပြီလ ၂၈ ရက်တွင် ကိုးကန့်တပ်ဖွဲ့အပါအဝင် အပစ်ခတ်ရပ်အဖွဲ့များအား နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးအတွက် နအဖ ဘက်မှ ကမ်းလှမ်းခဲ့သည်။

ကိုးကန့်တပ်ဖွဲ့က နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကို လက်မခံသည့်နောက်ပိုင်း ဥက္ကဋ္ဌဖုန်ကြားရှင်နဲ့မိသားစုအား လက်နက်ထုတ်လုပ်တဲ့ကိစ္စဖြင့် ဖမ်းဆီးရန် နအဖ ဘက်က ကြိုးပမ်းခဲ့ရာမှ အပစ်ခတ်ရပ်စဲရေးပျက်ကာ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ကိုးကန့်နယ်မြေအား နအဖ တပ်များရဲ့ သိမ်းပိုက်ခြင်းကိုခံခဲ့ရပါတယ်။ နအဖ က ဒု–ဥက္ကဋ္ဌဖြစ်သူ ပိုင်စုံချိန်အား လက်ကျန်ကိုးကန့်တပ်ဖွဲ့အား ခေါင်းဆောင်ခိုင်းကာ ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီ အဖွဲ့ ဖွဲ့စည်းပေးခဲ့ပါတယ်။

ယခုလ ၈ ရက်တွင် ကချင်ပြည်ဒီမိုကရေစီသစ်တပ်မတော်အား နယ်ခြားစောင့်တပ်ရင်း ၃ ရင်းဖြင့်၎င်း၊ ကယားပြည်နယ်၊ အထူးဒေသ ၂ ကလလတ အဖွဲ့အား နယ်ခြားစောင့်တပ်ရင်း ၂ ရင်းဖြင့်၎င်း ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ဒေသဆိုင်ရာစစ်တိုင်းမှူးများ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအပါအဝင် ပြည်နယ်အဆင့်ဌာနဆိုင်ရာ အရာရှိများ တက်ရောက်ခဲ့ကြပါတယ်။

ဒို့တိုင်းပြည် THE SAD PLIGHT OF MYANMAR
www.faxtoon.com NO. 431 Jun 8, 2009



# အမျိုးသားနေ့ အခမ်းအနား အဖွဲ့ချုပ်ဗဟို၊ အဖွဲ့ချုပ်ရုံးများတွင် ကျင်းပပြုလုပ်

**DVB၊ နိုဝင်ဘာ ၁၁ ။** ။ ဒီနေ့ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ဟာ ၈၉ နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟို အပါအဝင် တိုင်းနဲ့ပြည်နယ်တချို့က အဖွဲ့ချုပ်ရုံးတွေမှာ ကျင်းပခဲ့ကြပါတယ်။

အမျိုးသားနေ့ အခမ်းအနားကို နေ့လည် ၁၂ နာရီခွဲမှာ စတင်ခဲ့ပြီး အခမ်းအနားမှူးအဖြစ် မကွေးတိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဟန်ဇော်က ဆောင်ရွက်ပါတယ်။ ဒီနေ့အခမ်းအနားကို ရှေ့နေ ဦးဉာဏ်ဝင်း ကတဆင့် ဒေါ်အောင်ဆန်းစုကြည်က သူ့ရဲ့ နှုတ်သဝဏ်လွှာ ပေးပို့ခဲ့ပါတယ်၊ အဲဒီ နှုတ်သဝဏ်လွှာကို အခမ်းအနားမှာပြောပြခဲ့တဲ့ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးခင်မောင်ဆွေက ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်က သဝဏ်လွှာပဲ ဆိုဆို၊ အမှာစာပဲ ဆိုဆို၊ တိုတိုလေး ၂ ပိုဒ် ထဲပါ။ အဲ့ဒီထဲမှာ ပါတဲ့အချက်တွေက အခုလို ညီ့သည်များနဲ့ နိုင်ငံရေးအဖွဲ့များက အမျိုးသားနေ့အခမ်းအနားကို လာရောက်ပြီး တက်ရောက်ကြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ အထူးအားဖြင့် အဖွဲ့ချုပ် အဖွဲ့ဝင်တွေဖြစ်တဲ့ တိုင်းနဲ့ ပြည်နယ်တွေက အဖွဲ့ဝင်တွေကပါ တက်ရောက်လာမှုကို သူ့အနေနဲ့အထူးကျေးဇူးတင်တဲ့အကြောင်း မှာကြားတဲ့စာလေးဖြစ်ပါတယ်။"

အဲဒီနောက် အမျိုးသားနေ့ အထိမ်းအမှတ်ထုတ်ပြန်တဲ့ အဖွဲ့ချုပ်ရဲ့ ကြေညာစာတမ်းကို မကွေးတိုင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဟန်ဇော်က ဖတ်ပြခဲ့ပါတယ်။ အဲဒီကြေညာချက်ကို အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးအုန်းကြိုင်က ပြောပါတယ်။

"ယနေ့ဟာ ၈၉ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်တယ်။ ဒီနေ့ဟာ မြန်မာ့နိုင်ငံရေးသမိုင်းမှာ နယ်ချဲ့အစိုးရကို ဆန့်ကျင်၍ တက္ကသိုလ်ကျောင်းသားများ သပိတ်မှောက်ပြီး တိုက်ပွဲဝင်ခဲ့တာ အောင်မြင်သော နေ့ထူးနေ့မြတ်ဖြစ်တယ်။ မြန်မာ့လွတ်မြောက်ရေး တိုက်ပွဲသမိုင်းမှာ ဂုဏ်သိက္ခာကြီးမားပြီး မေ့ပျောက်၍ မရနိုင်တဲ့ နေ့တနေ့ဖြစ်သလို မြန်မာနိုင်ငံလွတ်မြောက်ရေး တိုက်ပွဲစဉ်ကြီးကို စတင်တပ်လှန့် နှိုးဆော်ပေးတဲ့နေ့လည်းဖြစ်တယ်လို့ အစချီပြီးတော့ ကျောင်းသားသပိတ်သမိုင်းကို ဖော်ပြပါတယ်။ ကျောင်းသား သပိတ်သမိုင်းမှာ ကျောင်းသားတွေက တိုင်းပြည် အနာဂတ်အကျိုးကို မျှော်မှန်းပြီးတော့ အနစ်နာခံ၊ အဆင်းရဲခံ၊ အပင်ပန်းခံပြီး ရဲရဲပြတ်သားစွာ တိုက်ပွဲဝင်ခဲ့တဲ့အကြောင်း အဲ့ဒါကို ဖော်ပြပါတယ်။"

ဒါ့အပြင် တိုင်းပြည်မှာ ကြုံတွေ့နေရတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကျန်းမာရေးစတဲ့ အထွေထွေအကျပ်အတည်းတွေ အမြန်ဆုံးပြေလည်ရေး၊ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာဖို့နဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အထူးအလေးအနက်ထားစဉ်းစားဆောင်ရွက်ဖို့ကိုလည်း နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီကို တိုက်တွန်း တောင်းဆိုထားပါတယ်။ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကို စည်းကမ်းချက်တွေနဲ့နေအိမ်မှာ ထပ်မံထိန်းသိမ်းထားရာက ပြန်လွှတ်ပေးဖို့အပြင် ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးရရှိဖို့လုပ်ဆောင်ရင် အကျဉ်းကျနေတဲ့ သံဃာတော်တွေ၊ ကျောင်းသားတွေနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေကို ပြန်လွှတ်ပေးဖို့နဲ့ လွန်ခဲ့တဲ့ ၆ နှစ်လောက်ကတည်းက ပိတ်ပင်ခံထားရတဲ့ အဖွဲ့ချုပ်ရုံးတွေကို ပြန်ဖွင့်ခွင့်ပေးဖို့၊ လွတ်လပ်စွာ စည်းရုံးခွင့်ပေးဖို့၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာအနိုင်ရပြီး၊ ဖျက်သိမ်းခံထားရတဲ့ တိုင်းရင်းသား နိုင်ငံရေးပါတီတွေအပါအဝင် နိုင်ငံရေးပါတီတွေကို ပြန်လည် မှတ်ပုံတင်ခွင့် ပေးဖို့ကိုလည်း တောင်းဆိုထားပါတယ်။

ဒီနေ့အခမ်းနားကို အဖွဲ့ချုပ်ဗဟိုအလုပ်မှုဆောင် ကော်မတီဝင်တွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ ဝါရင့်နိုင်ငံရေးသမားကြီးတွေနဲ့ တိုင်းနဲ့ပြည်နယ်တချို့က အဖွဲ့ချုပ်ဝင်တွေအပါအဝင် အားလုံး တထောင်နီးပါးတက်ရောက်ခဲ့ကြောင်းသိရပါတယ်။ အခမ်းအနားပြီးဆုံးတဲ့နောက်ပိုင်း ကဗျာဆရာကိုလေး (အင်းဝဂုဏ်ရည်) နဲ့ မကြာသေးခင်က ထောင်ကပြန်လွှတ်လာတဲ့ စာရေးဆရာမုံရွာအောင်ရှင်တို့ဦးစီးပြီး အမျိုးသားနေ့နဲ့ပတ်သက်တဲ့ စာပေ၊ ကဗျာဟောပြောပွဲပြုလုပ်ခဲ့ ကြပါတယ်။





1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com



၁၉၉၅ ခု အောက်တိုဘာလ မှ စတင်၍ အပတ်စဉ် ထုတ်ဝေသည်


**To**

AIR MAIL

PRINTED MATTER